# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ၊နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈) ၊ အမှတ်(၃၁၆)၊ ၁၃၈၇ ခုနှစ် ၊ သီတင်းကျွတ်လပြည့်ကျော် ၁၃ ရက် ၊ ၁၉–၁၀–၂၀၂၅၊ တနင်္ဂနွေနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည် သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကိုကိုးကျွန်းတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြား

နေပြည်တော် အောက်တိုဘာ ၁၈

နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ကိုကိုးကျွန်းတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကား ပြောကြားသည်။

**တက်ရောက်**

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေး ဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်းနှင့်ဇနီး၊ ကာကွယ်ရေး ဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့်ဇနီး၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော် အရာရှိကြီးများနှင့် ဇနီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ကိုကိုးကျွန်းတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။

စာမျက်နှာ ၃ သို့ ☆



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ကိုကိုးကျွန်းတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စဉ်။

## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် အောက်တိုဘာ ၁၈**

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းတွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပါသည်။

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေပြည်တော်၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျား၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် နေရာကျဲကျဲ၊ ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** တနင်္သာရီတိုင်းဒေသကြီးတွင် မိုးပိုလာမည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဓလ

၂၀၂၅ ခုနှစ်၊ အောက်တိုဘာ ၁၉ ရက်၊ တနင်္ဂနွေနေ့။
မန္တလေးနေ့စဉ်

## အရာရာဆင်ခြင်သတိအမြဲရှိရမည်

လူ့ဘဝတွင် အောင်မြင်လိုသူဖြစ်စေ၊ ပညာရှာလိုသူဖြစ်စေ၊ ဥစ္စာငွေကြေးရှာလိုသူဖြစ်စေ၊ စား၊ သောက်၊ သွား၊ လာ၊ နေထိုင်ပြောဆိုရာ၌ အရာရာဆင်ခြင် သတိအမြဲရှိရမည်ဖြစ်သည်။ သတိရှိသူသည် အလွဲ အမှားကင်းမည်ဖြစ်သည်။ လိုရာကိစ္စအဝဝနှင့် လိုရာခရီးအပြီးတိုင် ဆောင်ရွက်လျှောက်လှမ်းနိုင်မည်ဖြစ်သည်။ “စကားတို့၏အချုပ်သည်ကတိ” “တရားတို့၏အချုပ်သည် သတိ”ဟူ၍ ဆိုခဲ့ဖူးသည်။ လူသားတို့အတွက် သာမန်ကိစ္စကိုမဆိုထားနှင့် လောကုတ္တရာ၏အကျိုးအတွက် အကြောင်းခံတရားများကိုပင် သတိက ထိန်းချုပ်ပေးနိုင်ကြောင်းထင်ရှားပါသည်။ သတိသည်ကား ပိုသည်ဟူ၍ ဘယ်အခါမှ မရှိပါ။ သတိလျော့နည်း၍ သာလျှင်အခက်အခဲ၊ ပြဿနာ၊ ဆိုးကျိုးများနှင့်သာ ရင်ဆိုင်တွေ့ကြုံကြရမည်ဖြစ်သည်။ ထိုသို့သော လောကီ၊ လောကုတ္တရာ နှစ်ဖြာလုံးအတွက် အရေးကြီးသော သတိတရားကိုတိုးတက်ကြီးပွားလိုသူတိုင်း၊ ပြည့်စုံအောင်မြင်လိုသူတိုင်း၊ တရားဘဝနှာ ရှာဖွေလိုသူတိုင်း သတိကိုလက်ကိုင်ထားရမည်ဖြစ်သည်။ ထို့ပြင် သတိတရားသည် အချိန်တိုင်းနေရာတိုင်း၊ ဆောင်ရွက်ရမည့်ကိစ္စအဝဝ၌ ပိုသည်ဟူ၍မရှိပါ။ သတိကိုလက်ကိုင်ထားရန် ဆရာတော်ကြီးများ၊ ပညာရှင်များကလည်း ဆိုရိုးစကားများဖြင့် ညွှန်ကြားဆုံးမခဲ့ကြသည်။ “သတိမမူ ဂူမမြင်၊ သတိမူလျှင် မြူပင်မြင်သည်” ဟူသောစကားကိုကြည့်လျှင် သတိတရား၏ သဘောကို သိနိုင်ပါသည်။ သတိတရားမရှိပါက ဂူကိုပင်မမြင်မိ၊ အမှတ်မဲ့ဖြစ်တတ်သည်။ သတိရှိသူကားကြီးမားသောထုထည်ရှိသည့် ဂူကိုမဆိုထားဘိ သေးငယ်လှသော မြူမှုန်ကိုပင် မြင်နိုင်သည်ဟု ဆိုထားပေရာ သတိတရား၏ သဘောနှင့်အကျိုးကို သိမြင်စေမည်ဖြစ်သည်။ သတိကို “အပ္ပမာဒ”မမေ့မလျော့ခြင်း၊ အောက်မေ့တသရှိခြင်းဟု ဆိုထားသည်။ အောက်မေ့ခြင်း၊ အမှတ်ရခြင်း၊ တစ်စုံတစ်ခုသောအာရုံကို အစဉ်မပြတ်သိနေခြင်း၊ တစ်စုံတစ်ခုသောအာရုံကို အရေးတကြီးသိ၍ အသိပေးသောစကားဟူ၍ မြန်မာအဘိဓာန်တွင် ဖွင့်ဆိုထားသည်။ သတိတရား၏ ဆန့်ကျင်ဘက်မှာ မေ့လျော့ခြင်းပင်ဖြစ်သည်။ ကိစ္စများမြောင်လှတို့ဘောင်တွင် နေ့စဉ်ပြောဆိုလုပ်ကိုင်ကြံစည်ဆောင်ရွက်မှုတိုင်းတွင် သတိတရားရှိဖို့လိုအပ်မည်ဖြစ်သည်။ သတိနှင့်အသိသည် ခေါင်းနှင့်ပန်းပမာ ကပ်လျက်တည်ရှိပါမှ ကြံစည်ပြောဆိုလုပ်ကိုင်မှုမှန်သမျှ အောင်မြင်ပြီးမြောက်နိုင်မည်ဖြစ်သည်။ အသိတရားနှင့်အတူ နောက်မှသတိတရားကပ်၍ လုပ်ကိုင်ဆောင်ရွက်သင့်သည်။ လူသားတိုင်း စားဝတ်နေရေးအတွက်အလုပ်လုပ်နေကြရသည်။ ထိုသို့ နိစ္စဓူဝဘဝထဲ၌ အဆင်ပြေအောင်မြင်မှုရရှိရေးအတွက် ကံ၊ ဉာဏ်၊ ဝီရိယ၊ သတိတို့ကို အားပြုဆောင်ရွက်ကြရသည်။ ကံ၊ ဉာဏ်နှင့် ကြိုးစားခြင်းဟူသော လုံ့လဝီရိယသည် ဘဝအောင်မြင်တိုးတက်မှု၏ အခြေခံအကြောင်းအရင်းဖြစ်သည်ဟု ဆိုကြသည်။ သတိတရားနှင့်ဉာဏ်ပညာတို့သည် လောက၏လမ်းပြ ဘဝ၏ရှေ့ဆောင်၊ အောင်မြင်မှု၏ဇာစ်မြစ်ဖြစ်ပြီး အမြဲတဝယှဉ်တွဲလျက်ရှိသည်။ “သတိတမံ ဉာဏ်မြေကတုတ် ပညာစွမ်း ချွန်းကဲ့သို့အုပ်” ဟူသော ဆိုရိုးဖြင့် ထင်ရှားစေပါသည်။ နေ့စဉ်၊ နေ၊ ထိုင်၊ သွား၊ လာ၊ စားသောက်ရာ၌လည်း သတိတရားလက်ကိုင်ထားရန် “အစားမတော် တစ်လုပ်၊ အသွားမတော်တစ်လှမ်း၊ နေ့ပြောနောက်ကြည့်၊ ညပြောအောက်ကြည့်”စသည့်ဆိုရိုးစကားပုံများဖြင့် မီးမောင်းထိုးပြထားပါသည်။

လောကတွင် သတိမမူ အလေးမထားပေါ့ဆမှုများကြောင့် မီးလောင်မှုများ၊ ယာဉ်တိုက်မှုများသည် အသက်အိုးအိမ်များဆုံးရှုံးမှုများအထိ ဖြစ်ခဲ့သည့် သာဓကများကို တင်ပြရလျှင် ကုန်မည်မထင်ပါ။ အစစအရာရာ သတိရှိဖို့လိုအပ်မည်ဖြစ်သည်။ သို့ဖြစ်ရာ လူသားတိုင်း အစစအရာရာသတိတရားလက်ကိုင်ထားမှသာ အမှားကင်းပြီး လောကီလူ့ဘဝမှ လောကုတ္တရာ နိဗ္ဗာန်သို့တိုင်အောင် ကောင်းကျိုးအဖြာဖြာပြည့်စုံစွာဖြင့် ကျင့်ကြံတက်လှမ်းနိုင်ကြမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

## အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှား

နေပြည်တော် အောက်တိုဘာ ၁၈

အောက်တိုဘာ ၁၇ ရက် မြန်မာစံတော်ချိန် ည ၁၁ နာရီ ၀၉ မိနစ် ၁၇ စက္ကန့်တွင် ကမ္ဘာ့အေးမြေငလျင်စခန်းမှ အနောက် - အနောက်တောင်ဘက် တစ်မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (မရမ်းကုန်းမြို့နယ်၏ မြောက် - အနောက်မြောက်ဘက် တစ်မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၁၆ ဒသမ ၈၆ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒသမ ၁၅ ဒီဂရီ၊ အနက် ၁၅ ကီလိုမီတာကို ဗဟိုပြု၍ အင်အားရစ်(ခ်)တာစကေး ၃ ဒသမ ၆ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။ မိုး/ဇလ

### ၁၈ - ၁၀ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ ငွေကျပ် ၅၉၉၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

### သတင်းများ Online မှ တစ်ဆင့် ပေးပို့နိုင်

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား mdydaily-newspaper@gmail.com မှတစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

## မန္တလေးတိုင်းဒေသကြီး သတင်းစာဆရာအသင်းက သတင်းစာဆရာ၊ စာပေပညာရှင်များအား ဂါရဝပြုကန်တော့ပွဲ ကျင်းပ

**မန္တလေး အောက်တိုဘာ ၁၈**

မြန်မာနိုင်ငံသတင်းစာဆရာအသင်း(မန္တလေးတိုင်းဒေသကြီး-ယာယီ)က သတင်းစာဆရာ၊ စာပေပညာရှင်များ ဂါရဝပြုကန်တော့ပွဲကို ယနေ့နံနက် ၁၀ နာရီက မန္တလေး ချမ်းအေးသာစံမြို့နယ် လမ်း၆၀၊ ၃၄လမ်းနှင့် ၃၅လမ်းကြား ခရေလမ်းသွယ် ဘာဝနာဂုဏ်ရည် ကျောင်းတိုက်တွင် ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံသတင်းစာဆရာအသင်း (မန္တလေးတိုင်းဒေသကြီး)ဒုတိယဥက္ကဋ္ဌ ဦးဘဦးက အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံသတင်းစာဆရာအသင်း ဗဟိုဥက္ကဋ္ဌ ဦးမြတ်ခိုင် ပေးပို့လာသည့် သဝဏ်လွှာကို မြန်မာနိုင်ငံသတင်းစာဆရာအသင်း(မန္တလေးတိုင်းဒေသကြီး) တွဲဖက်အတွင်းရေးမှူး ဦးမြတ်သစ်ခိုင်က ဖတ်ကြားခဲ့သည်။

ထို့နောက် သက်ကြီးစာပေပညာရှင်များအား ကန်တော့ချိုးဖြင့် ဂါရဝပြုကန်တော့ပြီးသက်ကြီးစာပေပညာရှင်များအား ကန်တော့ငွေနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ကြသည်။

ယင်းနောက် သက်ကြီးစာပေပညာရှင် ဆရာကြီးများဖြစ်သည့် ဦးမာဃနှင့် ဦးကြည်အောင်တို့က အမှတ်တရစကားပြောကြားပြီး သက်ကြီးပူဇော်ပွဲဖြစ်မြောက်ရန်အတွက် အလှူငွေနှင့် လက်ဆောင်ပစ္စည်းများ လှူဒါန်းခဲ့သူများအား ဂုဏ်ပြုမှတ်တမ်းလွှာများကိုအသင်းဥက္ကဋ္ဌ ဦးမျိုးမင်းမင်းက ပေးအပ်၍ သက်ကြီးပူဇော်ပွဲနှင့်ပတ်သက်ပြီးကျေးဇူးတင်စကားကို အတွင်းရေးမှူးဦးသန့်ဇင်ထွန်းက ပြောကြားခဲ့သည်။

အခမ်းအနားသို့ တက်ရောက်လာသောကန်တော့ခံဆရာကြီး၊ ဆရာမကြီးများ၊ မန္တလေးမြို့ခံ သတင်းစာနှင့် စာနယ်ဇင်းများ၊ ဆရာ၊ ဆရာမများ၊ အလှူရှင်များအား ကြက်ဆီထမင်းဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၆)

## ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးသွားမည်

**မန္တလေး အောက်တိုဘာ ၁၈**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရုံးဖွင့်ရက်များတွင် မြို့နယ်အလိုက် ရောင်းချပေးလျက်ရှိသည်။

သက်သာဈေးရောင်းချမည့် အစီအစဉ်များကို အောက်တိုဘာ ၂၀ ရက်တွင် ဒီပါဝလီနေ့ ရုံးပိတ်ရက် ရပ်နားထားပြီး အောက်တိုဘာ ၂၁ ရက်တွင် အောင်မြေသာစံမြို့နယ်၊ မြန်မာ့စီးပွားရေးဘဏ်-၁၊ ၈၂လမ်းနှင့် ၂၆လမ်းထောင့်၊ မြန်မာ့စီးပွားရေးဘဏ်-၂၊ ၈၃လမ်းနှင့် ၂၄လမ်းထောင့် တို့တွင်လည်းကောင်း၊ အောက်တိုဘာ ၂၂ ရက်တွင် မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ ၅၈လမ်း၊ ၃၈လမ်းနှင့် ၃၉လမ်းကြားတွင်လည်းကောင်း အမရပူရမြို့နယ်၊ ရှမ်းကလေးကျွန်းကျေးရွာ၊ ရွာလယ်ဘုန်းကြီးကျောင်းဝင်းအတွင်းတို့တွင်လည်းကောင်း၊ အောက်တိုဘာ ၂၃ ရက်တွင် ချမ်းမြသာစည်မြို့နယ်၊ ၁၀၆လမ်း၊ ၅၂လမ်းနှင့် ၅၃လမ်းကြား၊ အောင်ပင်လယ်ရပ်ကွက်၊ အောင်ဇေယျတံတားအနောက်ဘက်တွင်လည်းကောင်း၊ အောက်တိုဘာ ၂၄ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ရွှေလုံရပ်ကွက်၊ ၂၇လမ်း၊ ၇၁လမ်းနှင့် ၇၂လမ်းကြားနှင့် ပြည်ကြီးတံခွန်မြို့နယ်၊ (၈)ရပ်ကွက်၊ ၁၂၅လမ်း၊ ၅၇လမ်းနှင့် ၅၈လမ်းကြားတို့တွင်လည်းကောင်း ရောင်းချပေးသွားမည်။



ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ ဈေးနှင့်သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ ပြည်သူများ အဆင်ပြေစွာဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(ဓဲပုံ)

(မန္တလေးနေ့စဉ်-၆)

၀-၀-၀-၀-၀

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊
အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

# ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာမဟုတ်

ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာမဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာ မဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန် နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီးသတိပေးထားပါရစေ။

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



☆ ရှေ့ဖုံးမှ

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် ကိုကိုးကျွန်းမြို့နှင့် သွားလာဆက်သွယ်မှု အဆင်ပြေစေရေးအတွက်လေယာဉ်ပြေးလမ်းတိုးချဲ့ခြင်းနှင့် သင်္ဘောကြီးများ ဆိုက်ကပ်ရပ်နားနိုင်သည့် ဆိပ်ခံတံတားကို တည်ဆောက်ပေးခဲ့ပြီး ယခင်ကထက် များစွာတိုးတက်ကောင်းမွန်လာပြီဖြစ်ကြောင်း၊ ကိုကိုးကျွန်းသည် မိမိတို့နိုင်ငံအတွက် ပထဝီအနေအထားအရ အရေးပါသည့်နေရာတွင် တည်ရှိသောကြောင့် ကိုကိုးကျွန်းတပ်နယ်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အရာရှိ၊ စစ်သည်များ သာမက မိသားစုဝင်များအနေဖြင့်လည်း အမြဲလုံခြုံရေး အသိ၊ လုံခြုံရေးသတိဖြင့် နေထိုင်ကြရန်လိုကြောင်း။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကိုကိုးကျွန်းတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

တပ်မတော် ဆိုသည်မှာ နိုင်ငံတော်ကာကွယ်ရေး တာဝန်ထမ်းဆောင်သည့် အဖွဲ့အစည်း ဖြစ်ပြီး အဆင့်အလိုက် တာဝန်ထမ်းဆောင်နေကြသူများအားလုံးက ကာကွယ်ရေးအမြင်များရှိရန် လိုကြောင်း၊ တပ်မတော်သားများ ဖြစ်သည်နှင့်အညီ အမြဲတိုက်ပွဲဝင်အသင့်ဖြစ်စေရေး ကြိုတင်လေ့ကျင့်ပြင်ဆင်ခြင်းများကို ဆောင်ရွက်နေရန်လိုပြီး ကျန်းမာကြံ့ခိုင်နေရန်၊ ရဲစွမ်းသတ္တိရှိရန်နှင့် ကျွမ်းကျင်မှုများရှိရန် ဆောင်ရွက်ပြီး အမြဲ Combat Ready ဖြစ်စေရေး ဆောင်ရွက်နေရန်လိုကြောင်း။

ကျန်းမာကြံ့ခိုင်မှု ရှိစေရေးအတွက် တပ်မတော်သားတစ်ဦး နေ့စဉ်ဆောင်ရွက်ရမည့် ကိုယ်လက်ကြံ့ခိုင်မှုလေ့ကျင့်ခန်းများကို အမြဲဆောင်ရွက်နေရန် လိုကြောင်း၊ ရဲစွမ်းသတ္တိရှိရန်အတွက်မြန်မာ့ရိုးရာသိုင်း၊ လက်ဝှေ့နှင့် အခြားကိုယ်ခံပညာရပ်များကို အမြဲလေ့ကျင့်ဆောင်ရွက်နေရန် လိုကြောင်း၊ ရဲစွမ်းသတ္တိရှိခြင်း ဆိုသည်မှာ အများအကျိုးအတွက် လုပ်သင့်လုပ်ထိုက်သည့် ကိစ္စရပ်များကို သတ္တိရှိစွာဖြင့် ပြတ်ပြတ်သားသား တာဝန်ထမ်းဆောင် ဆောင်ရွက်ခြင်း ဖြစ်ကြောင်း၊ ရဲစွမ်းသတ္တိရှိစေရေး မိမိကိုယ်ကို လေ့ကျင့်နေရန် လိုကြောင်း၊ ကျွမ်းကျင်မှုနှင့်ပတ်သက်၍ မိမိတို့ ကိုင်တွယ် အသုံးပြုရသည့် လက်နက်၊ ခဲယမ်းများကို ကျွမ်းကျင်ပိုင်နိုင်စွာဖြင့် အသုံးပြုနိုင်ရေးနှင့် အမြဲအသင့်ဖြစ်နေစေရေး စဉ်ဆက်မပြတ် လေ့ကျင့်ဆောင်ရွက်နေရန်လိုကြောင်း။

အလားတူ နေ့စဉ်ဆောင်ရွက်နေရသည့် ဦး၊ ရေး၊ ထောက် ဆိုင်ရာ ရုံးလုပ်ငန်းတာဝန်များကိုလည်း အမြဲစနစ်တကျ ဆောင်ရွက်နေမည်ဆိုပါက စည်းကမ်းကောင်းမွန်သည့် တပ်များဖြစ်လာမည်ဖြစ်ကြောင်း၊ နေ့စဉ်ဆောင်ရွက်ရမည့် သမားစဉ်လုပ်ငန်းများကို မပျက်မကွက် လုပ်ဆောင်နေမည်ဆိုပါက အရည်အချင်းရှိသည့် တပ်များ ဖြစ်လာမည်ဖြစ်ကြောင်း၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင် Check၊ Recheck၊ Counter Check ဖြင့် ဆောင်ရွက်သွားရန် လိုကြောင်း၊ အုပ်ချုပ်မှုပိုင်းဆိုင်ရာများနှင့် ပတ်သက်၍ ကြပ်မတ်ကွပ်ကဲရသူများအနေဖြင့် စနစ်တကျ ကြပ်မတ်ဆောင်ရွက်ရန် လိုသကဲ့သို့ လိုက်ပါဆောင်ရွက်ရသူများအနေဖြင့်လည်း စည်းကမ်းစနစ်တကျဖြင့် လိုက်နာဆောင်ရွက်သွားကြရန်လိုကြောင်း၊ အရာရှိ၊ စစ်သည်များ၏ရသင့်ရထိုက်သည့် အခွင့်အရေးများ မဆုံးရှုံးစေရေး တာဝန်ရှိသူများအနေဖြင့် စနစ်တကျဖြင့် ဆောင်ရွက်ပေးနေရန် လိုကြောင်း။

မိမိတို့၏ ကျန်းမာရေးနှင့် လူမှုဘဝကို ထိခိုက်စေနိုင်သည့် အရက်သေစာ သောက်စားခြင်းများနှင့်အပျော်အပါးလိုက်စားခြင်းများကို တတ်နိုင်သမျှရှောင်ကြဉ်ရန်လိုကြောင်း၊ အသုံးအစွဲချွေတာသုံးခြင်းဖြင့် မိမိတို့၏ ဝင်ငွေနှင့် ထွက်ငွေများ မျှတအောင် ဆောင်ရွက်သွားရန် လိုကြောင်း၊ တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူခြင်းလုပ်ငန်းများကို ဆောင်ရွက်ခြင်းဖြင့် အရာရှိ၊ စစ်သည်၊ မိသားစုများ၏ သက်သာချောင်ချိမှုကို များစွာအထောက်အကူပြုစေနိုင်သဖြင့် တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကို ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

စိတ်ဓာတ်ပိုင်း ဆိုင်ရာနှင့် ပတ်သက်၍ အားကစားပြိုင်ပွဲများ၊ ကြံ့ခိုင်ရေးပြိုင်ပွဲများ၊ သဲသောင်ပြင် အပြေးပြိုင်ပွဲများ ကျင်းပခြင်း၊ ရုပ်ရှင်များပြသခြင်း၊ ရာသီအလိုက်ပွဲတော်များ ကျင်းပပေးခြင်းများကို ဆောင်ရွက်ပြီး အရာရှိ၊ စစ်သည်၊ မိသားစုများ၏စိတ်ဓာတ်ကို မြှင့်တင်ပေးရန်လိုကြောင်း။

နိုင်ငံရေးနှင့် ပတ်သက်၍ မိမိတို့အနေဖြင့် နိုင်ငံတော်၏ အခြေအနေအရ ၂၀၂၁ ခုနှစ်မှ စတင်၍ နိုင်ငံတော်၏ တာဝန်ကိုယူခဲ့ရကြောင်း၊ ရွေးကောက်ပွဲကိုလည်း မကြာမီအချိန်အတွင်း ကျင်းပပေးသွားမည်ဖြစ်ကြောင်း၊ ဆန္ဒမဲများ ပေးရာတွင်လည်း မိမိတို့ဒေသနှင့် နိုင်ငံ၏အကျိုးကို အမှန်တကယ် လိုက်နာစောင့်ထိန်းနိုင်သည့်သူ၊ ဒို့တာဝန် အရေးသုံးပါးကို လိုက်နာစောင့်ထိန်းလိုက်နာသည့်သူ၊ နိုင်ငံရေး၊ စီးပွားရေး၊ ကာကွယ်ရေးအမြင်ရှိသူကို ရွေးချယ်ကြရန် လိုကြောင်း၊ ရွေးကောက်ပွဲသည် ဒီမိုကရေစီ နိုင်ငံတစ်ခုကို တည်ဆောက်ရန်အတွက် မဖြစ်မနေလိုအပ်ကြောင်း၊ ထို့ကြောင့် ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး အရာရှိ၊ စစ်သည်၊ မိသားစုများအနေဖြင့် ဝိုင်းဝန်းဆောင်ရွက်ပေးကြစေလိုကြောင်း။

မိမိတို့နိုင်ငံတွင် ပညာတတ်လူသားအရင်းအမြစ်များ ပေါ်များကြွယ်ဝစေရေး နိုင်ငံတော်အနေဖြင့် ပညာရေးပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံ၏ နိုင်ငံရေး အခြေအနေအရ တပ်မတော်အနေဖြင့် အမျိုးသား နိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍတွင် ပါဝင်နေရခြင်းဖြစ်ကြောင်း၊

စာမျက်နှာ ၄ သို့ »»»

☆ **တပ်မတော်ဆိုသည်မှာ နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်သည့် အဖွဲ့အစည်းဖြစ်ပြီး အဆင့်အလိုက် တာဝန်ထမ်းဆောင်နေကြသူများအားလုံးက ကာကွယ်ရေးအမြင်များရှိရန်လို**

☆ **တပ်မတော်သားများဖြစ်သည်နှင့်အညီ အမြဲတိုက်ပွဲဝင် အသင့်ဖြစ်စေရေး ကြိုတင်လေ့ကျင့်ပြင်ဆင်ခြင်းများကို ဆောင်ရွက်နေရန်လိုပြီး ကျန်းမာကြံ့ခိုင်နေရန်၊ ရဲစွမ်းသတ္တိရှိရန်နှင့် ကျွမ်းကျင်မှုများရှိရန် ဆောင်ရွက်ပြီး အမြဲ Combat Ready ဖြစ်စေရေး ဆောင်ရွက်နေရန်လို**

»»» စာမျက်နှာ ၃ မှ

မိမိတို့ အားလပ်သည့်အချိန်များတွင် စာပေဖတ်ရှုလေ့လာခြင်းများကို ဆောင်ရွက်ကြစေလိုကြောင်း၊ စာဖတ်ခြင်းဖြင့် မိမိတို့ဘဝတိုးတက်စေရေး အထောက်အကူပြုစေမည်ဖြစ်ကြောင်း၊ စာပေများဖတ်ရှုလေ့လာပြီး အသိပညာ၊ အတတ်ပညာများ တတ်ကျွမ်းအောင် ဆောင်ရွက်ကြရန်နှင့် မိမိတို့၏သားသမီးများအား ပညာတတ်များဖြစ်အောင် ဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က တပ်နယ်မှ အရာရှိ၊ စစ်သည် မိသားစုများအတွက် စားသောက်ဖွယ်ရာများကို လည်းကောင်း၊ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီးက တပ်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ရန်ပုံငွေများကို လည်းကောင်း ပေးအပ်ရာ ရေတပ်ဌာနချုပ်မှူးနှင့် ဇနီးတို့က လက်ခံရယူကြသည်။

ယင်းနောက် ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးက တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာများကို ပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်သည် အရာရှိ၊ စစ်သည်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဆက်လက်၍ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်သည် တပ်နယ်ရှိ နွားမွေးမြူရေးခြံအတွင်း ဒေသနွားများ မွေးမြူထားရှိမှုများကိုကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ကျွန်းပတ်လမ်းတစ်လျှောက် မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြပြီး ဇျိုင်းကျွန်းနှင့် ဂျယ်ရီကျွန်း ဆက်လမ်း ဆောင်ရွက်ထားမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ကိုကိုးကျွန်းပေါ်ရှိ မြေလွတ်နေရာများ၌ မျိုးကောင်းသည့် အုန်းပင်များကို စနစ်တကျဖြင့် အကွက်ချစိုက်ပျိုးရန်၊ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက်ပင်လယ်ရေမှ စိုက်ပျိုးရေထုတ်ယူသုံးစွဲနိုင်ရေး သုတေသနပြု ဆောင်ရွက်ရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် နယ်မြေခံရေတပ်စခန်းဌာနချုပ် ကိုကိုးစိုက်ပျိုးရေးခြံသို့ ရောက်ရှိကြပြီး ကိုကိုးပင်များ ရှင်သန်အောင်မြင်ဖြစ်ထွန်းနေမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ကိုကိုးပင်များကို ယခုထက် ပိုမိုတိုးတက်စိုက်ပျိုးနိုင်ရေး ဆောင်ရွက်သွားရန်၊ ထို့မှတစ်ဆင့် မြေနိမ့်ကော်ဖီကို စမ်းသပ်စိုက်ပျိုးနိုင်ရေး ဆောင်ရွက်သွားရန်နှင့် အခြား လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကိုကိုးကျွန်းတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက်စားသောက်ဖွယ်ရာများကို ပေးအပ်ရာ ရေတပ်ဌာနချုပ်မှူးက လက်ခံရယူစဉ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှက မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ရန်ပုံငွေများကို ပေးအပ်ရာ ရေတပ်ဌာနချုပ်မှူး၏ ဇနီးက လက်ခံရယူစဉ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကိုကိုးကျွန်းတပ်နယ်ရှိ နွားမွေးမြူရေးခြံအတွင်း ဒေသနွားများ မွေးမြူထားရှိမှုများကို ကြည့်ရှုစစ်ဆေးစဉ်။





နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဇျိုင်းကျွန်းနှင့် ဂျယ်ရီကျွန်းဆက်လမ်း ဆောင်ရွက်ထားမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကိုကိုးကျွန်းမြို့ရှိ မြို့မိမြို့ဖများနှင့် တွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကိုကိုးကျွန်းမြို့ရှိ မြို့မိမြို့ဖများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများဆွေးနွေး

နေပြည်တော် အောက်တိုဘာ ၁၈

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ရပ်မိရပ်ဖများအား ယနေ့မွန်းလွဲပိုင်းတွင် တွေ့ဆုံ၍ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြားသည်။

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့သည် ကိုကိုးကျွန်းလေဆိပ်သို့ ရောက်ရှိကြရာ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ကျောင်းသားကျောင်းသူများနှင့် ဒေသခံပြည်သူများက ရင်းနှီးနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌသည် ကိုကိုးကျွန်းမြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ရပ်မိရပ်ဖများအား မြို့နယ်ခန်းမ၌ တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲအခမ်းအနားသို့ ကော်မရှင်အတွင်းရေးမှူး၊ တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ကိုကိုးကျွန်းမြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကိုကိုးကျွန်းမြို့ အထက်တန်းကျောင်းအတွက် စာရေးကိရိယာများ ပေးအပ်ရာ ကျောင်းအုပ်ဆရာမကြီးက လက်ခံရယူစဉ်။

ဦးစွာ ကိုကိုးကျွန်းမြို့နယ် အုပ်ချုပ်ရေးမှူးက မြို့နယ်ဆိုင်ရာ အချက်အလက်များ၊ ရွေးကောက်ပွဲ ကျင်းပပြုလုပ်နိုင်ရေး ကြိုတင်ပြင်ဆင် ဆောင်ရွက်လျက်ရှိမှု၊ မြန်မာ အီလက်ထရောနစ်မဲပေးစနစ်(MEVM) စက်များအသုံးပြုနိုင်ရေး အသိပညာပေးမှုများ ဆောင်ရွက်ပေးလျက်ရှိမှု၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ တစ်ပိုင်တစ်နိုင်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ ကိုကိုးဆည်မှတစ်ဆင့် သောက်သုံးရေများ ဖြန့်ဝေပေးလျက်ရှိမှု၊ ရေသန့်စက်များတပ်ဆင်၍ သောက်ရေသန့်များ ဖြန့်ဝေပေးလျက်ရှိမှု၊ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး လုပ်ငန်းမှ လျှပ်စစ်ဓာတ်အားများ ဖြန့်ဖြူးပေးလျက်ရှိမှု၊ အားကစားကဏ္ဍ၊ ပညာရေးကဏ္ဍ ကျန်းမာရေးကဏ္ဍ၊ မွေ့တင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိမှု၊ ကိုကိုးပင်များ စိုက်ပျိုးလျက်ရှိမှု၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု အခြေအနေများကိုလည်းကောင်း၊ ကိုကိုးကျွန်းမြို့ ရပ်မိရပ်ဖများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကျန်းမာရေးကဏ္ဍလိုအပ်မှု၊ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းအတွက် လိုအပ်မှု၊ ပုဂ္ဂလိက လိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်း တင်ပြမှုများနှင့် ပတ်သက်၍ ကိုကိုးပင်စိုက်ပျိုးခြင်းနှင့်ပတ်သက်ပြီး ဒေသအတွက် အကျိုးဖြစ်ထွန်းစေရန် စိုက်ပျိုးစေခြင်းဖြစ်ကြောင်း၊ ကိုကိုးပင်စိုက်ပျိုးခြင်းများ တိုးတက်စေရေးအတွက် မိမိတို့ကိုယ်တိုင်ဆက်လက်၍ ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ဒေသဝင်ငွေတိုးတက်ရရှိရေးအတွက် ဒေသတွင် နေထိုင်ကြသူများက ကြိုးပမ်း ဆောင်ရွက်ကြရန်လိုကြောင်း ဖြည့်စွက်ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများက ကိုကိုးကျွန်းဒေသအတွက် လိုအပ်လျက်ရှိသည့် လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေး သမဝါယမလုပ်ငန်းများဖြစ်သည့် စက်ချုပ်သင်တန်း၊ အိမ်တွင်းကုန်ထုတ်လုပ်မှု လုပ်ငန်းများ ဆောင်ရွက်နိုင်ရေး ကူညီဆောင်ရွက်ပေးသွားမည့် အခြေအနေများ၊ စိုက်ပျိုးရေးလုပ်ငန်းများတိုးတက်စေရေးကူညီဆောင်ရွက်ပေးသွားမည့် အခြေအနေများ၊ ကျန်းမာရေးကဏ္ဍ လိုအပ်ချက်များအား ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည့် အခြေအနေများ၊ ဆက်သွယ်ရေးကွန်ရက်များ တပ်ဆင်ပေးထားမှု၊ ပညာရေးကဏ္ဍအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းပေးသွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက မိမိအနေဖြင့် ကိုကိုးကျွန်းမြို့သို့ လာရောက်ခဲ့သည်မှာ အကြိမ် ၂၀ မြောက် ရှိပြီဖြစ်ကြောင်း၊ ကိုကိုးကျွန်းမြို့ တိုးတက်စေရေး မိမိအနေဖြင့် လွန်ခဲ့သည့် ၁၀ နှစ်ကျော်ခန့်မှ စတင်၍ ဆောင်ရွက်ပေးခဲ့ကြောင်း၊ ယခုအခါ ယခင်ကနှင့် လုံးဝမတူတော့ဘဲ ဖွံ့ဖြိုးတိုးတက်မှုရှိလာသည်မှာ မျက်ဝါးထင်ထင်ပင်ဖြစ်ကြောင်း၊ မိမိတို့မှ မည်သို့ပင် ဆောင်ရွက်ပေးသည် ဖြစ်စေ ကိုကိုးကျွန်းမြို့မှ ဒေသခံပြည်သူများအနေဖြင့် မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်း အားထုတ်သွားကြရန်လည်း လိုကြောင်း။

ကိုကိုးကျွန်းမြို့တွင် လယ်မြေများမရှိကြောင်း၊ သွားလာစားသောက်ရေးနှင့် ပတ်သက်၍ စိန်ခေါ်မှုများရှိကြောင်း၊ သွားလာရန်ခက်ခဲသည့် အချိန်တွင် စားသောက်ရေးအတွက် အခက်အခဲမဖြစ်စေရန် လိုကြောင်း၊ ထို့ကြောင့် မြို့တွင်နေထိုင်ကြသည့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် မြို့နေပြည်သူများအနေဖြင့် ဝိုင်းဝန်း၍ ဆောင်ရွက်ကြရန် လိုကြောင်း၊ မြို့မြေများတိုးချဲ့ရာတွင် စိုက်ပျိုးမြေများမထိခိုက်စေရေး ကြိုတင်စဉ်းစားတွက်ချက် ဆောင်ရွက်ကြရန်လိုကြောင်း၊ ဒေသတွင်ရှိသည့် ပြည်သူများ မပူမပင်ဖြင့် စားသောက်နိုင်စေရေး အမြဲဆန်ဖူလုံမှုရှိအောင် တာဝန်ရှိသူများအနေဖြင့် ဆောင်ရွက်ကြရန် လိုကြောင်း၊ ကိုကိုးကျွန်းဒေသ ဝမ်းစာဖူလုံရေးအတွက် စီမံဆောင်ရွက်သွားကြရန်လိုကြောင်း။

လယ်ယာများ၊ ကုန်းမြင့်ယာများကို ဖော်ထုတ်သွားရန် လိုကြောင်း၊ ထိုသို့ ဖော်ထုတ်နိုင်ရန်အတွက် စိုက်ပျိုးရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများကိုစေလွှတ်ပေးသွားမည်ဖြစ်ကြောင်း၊ စားရေးနှင့်ပတ်သက်၍ ကိုကိုးကျွန်းမြို့တွင် နေထိုင်ကြသည့် ပြည်သူများ၏ အရေအတွက်ကို တွက်ချက်၍ ပထမအဆင့် ၂၅ ရာခိုင်နှုန်းဖူလုံစေရန်၊ ဒုတိယအဆင့် ၄၀ ရာခိုင်နှုန်း ဖူလုံစေရန်၊ ထိုမှတစ်ဆင့် ၁၀၀ ရာခိုင်နှုန်း ပြည့်မီသည်အထိ တစ်ဆင့်ပြီးတစ်ဆင့် ဆက်လက်တိုးတက်အောင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ မိမိတို့၏ဒေသ ဝမ်းစာပြည့်မီရေးအတွက် ဒေသအကျိုးကိုကြည့်၍ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြစေလိုကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင်လည်း ရေရှည်ကိုကြည့်၍ စနစ်တကျ တွက်ချက်ဆောင်ရွက်သွားကြရန်လိုကြောင်း။

စားရေးနှင့်ပတ်သက်၍ စိုက်ပျိုးရေးလုပ်ငန်းများသာမက တစ်ပိုင်တစ်နိုင် ကြက်၊ ဝက်၊ ဆိတ်မွေးမြူရေး လုပ်ငန်းများကိုလည်း ဆောင်ရွက်သွားကြရန် လိုကြောင်း၊ ဒေသနှင့်ကိုက်ညီသည့် မွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်ရန် လိုကြောင်း၊ တာဝန်ရှိသူများအနေဖြင့်

စာမျက်နှာ ၆ သို့ ✪

◎ စာမျက်နှာ ၅ မှ

ကိုကိုးကျွန်းနေ ပြည်သူများ၏ အချက်အလက်များကို ကောက်ယူ၍ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရေး ဆောင်ရွက်ပေးရန် လိုကြောင်း၊ ကိုကိုးကျွန်းဒေသ ဖွံ့ဖြိုးတိုးတက်ရေး၊ မြို့ရွာတည်ဆောက်ရေးလုပ်ငန်းများအတွက် တာဝန်ရှိသူများအနေဖြင့် စနစ်တကျ ဆောင်ရွက်သွားကြရန် လိုကြောင်း။

**☆ ကိုကိုးကျွန်းဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံပြည်သူများနှင့် ဒေသတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် တပ်မတော်သားများအားလုံး ဝိုင်းဝန်း၍ ဆောင်ရွက်သွားကြရန်လို**

**☆ ကိုကိုးကျွန်းဒေသတွင် ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ပေးရန် ရည်မှန်းထား**

**☆ ကိုကိုးကျွန်းမြို့တွင် တာဝန်ထမ်းဆောင်နေသူများအနေဖြင့် ဒေသ၏ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍများမြင့်မားစေရေး ဆောင်ရွက်**

### ဆောင်ရွက်

ကိုကိုးကျွန်းဒေသတွင် အခြေခံအားဖြင့်ရှိပြီးဖြစ်သည့် အုန်းပင်များမှ အုန်းထွက်ပစ္စည်းများကို ထုတ်လုပ်၍ရကြောင်း၊ ထို့ကြောင့် ကိုကိုးကျွန်းဒေသမှ အုန်းထွက်ပစ္စည်းများထုတ်လုပ်နိုင်ရေး မိမိအနေဖြင့် ဆောင်ရွက်ပေးထားကြောင်း၊ ကိုကိုးကျွန်းဒေသတွင် ယခုထက် ပိုမိုကောင်းမွန်သည့် အုန်းမျိုးများ စိုက်ပျိုးနိုင်ရန်လိုကြောင်း၊ ဒေသတွင် အခြေခံအကျဆုံး ပြည်သူများအနေဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို ပိုမိုတိုးတက်အောင် ဆောင်ရွက်သွားကြရန် လိုကြောင်း။

မိမိတို့ဒေသမှ ထုတ်ကုန်များအား တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ထုတ်လုပ်နိုင်ရန် လိုကြောင်း၊ ထိုသို့ထုတ်လုပ်နိုင်ရန်အတွက် အသိပညာ၊ အတတ်ပညာများ လိုအပ်ကြောင်း၊ ထို့ကြောင့် အတန်းပညာများ မြင့်မားစေရေး ဆောင်ရွက်ပေးရန် လိုကြောင်း၊ အတန်းပညာ တတ်မြောက်ပြီးသူများအား အိမ်တွင်းထုတ်လုပ်မှု လုပ်ငန်းများကို သင်ကြားပေးမည်ဆိုပါက ကိုကိုးကျွန်းမြို့တွင် ကုန်ထုတ်လုပ်မှုလုပ်ငန်းတိုးတက်လာမည်ဖြစ်ကြောင်း။

ကိုကိုးကျွန်းဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများနှင့် ဒေသတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် တပ်မတော်သားများ အားလုံးဝိုင်းဝန်း၍ ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ကိုကိုးကျွန်းဒေသတွင် ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက်ဆောင်ရွက်ပေးရန် ရည်မှန်းထားကြောင်း၊ ထို့ကြောင့် ကြိုတင်ပြင်ဆင်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ထားရန်လိုကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသတွင်နေထိုင်ကြသူများက ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရန် လိုကြောင်း၊ ကိုကိုးကျွန်းမြို့တွင် တာဝန် ထမ်းဆောင်နေသူများ အနေဖြင့် ဒေသ၏ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍများ မြင့်မားစေရေး ဆောင်ရွက်ပေးသွားရန် လိုကြောင်း။

ပညာသင်ကြားရာတွင် ဆရာ ဆရာမများအနေဖြင့် ကျောင်းသား ကျောင်းသူများကို အတန်းအလိုက် ပညာများတတ်ကျွမ်းမှုရှိစေရေး သင်ကြားပေးရန်လိုကြောင်း၊ မိမိတို့အနေဖြင့် တစ်နိုင်ငံလုံး ပညာရည်မြင့်မားရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကိုကိုးကျွန်းမြို့တွင် ပညာသင်ကြားမှု အနေဖြင့် ကျောင်းသားနှင့် ဆရာ ဆရာမ အချိုး ကောင်းမွန်သည့်အတွက် ပညာသင်ကြားရေးကို ပိုမိုဆောင်ရွက်နိုင်ပြီး ပညာရည် ပိုမိုတိုးတက်အောင် ဆောင်ရွက်ပေးနိုင်ကြောင်း၊ ဒေသတွင်းပညာတတ်များ ပိုမိုကြွယ်ဝလာမှသာ ဒေသဖွံ့ဖြိုးတိုးတက်ရေးကို များစွာ အထောက်အကူ ပြုစေနိုင်ကြောင်း။

ကိုကိုးကျွန်းဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့အနေဖြင့် တတ်နိုင်သည့်ဘက်မှ ကူညီ ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ ဒေသခံပြည်သူများအနေဖြင့်လည်း မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရေး ဝိုင်းဝန်းဆောင်ရွက်သွားကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက ကိုကိုးကျွန်းမြို့ရှိ ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများကိုလည်းကောင်း၊ ကိုကိုးကျွန်းမြို့ အထက်တန်းကျောင်းအတွက် စာရေးကိရိယာများကို လည်းကောင်း ပေးအပ်ရာ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ကိုကိုးကျွန်းမြို့နယ် အထက်တန်းကျောင်းအုပ်ဆရာမကြီးက လက်ခံရယူသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌသည် အခမ်းအနား တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများ တွေ့ဆုံ



**နေပြည်တော် အောက်တိုဘာ ၁၈**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများ တွေ့ဆုံပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တွေ့ဆုံစဉ် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးသန်းစိုးက ရွေးကောက်ပွဲကို အပိုင်းလိုက် ကျင်းပသွားမည်ဖြစ်ရာ အပိုင်း(၁) ပြုလုပ်မည့်နေ့ရက်နှင့် မြို့နယ်များကို ကြေညာပြီးဖြစ်၍ ဆက်လက်ကျင်းပမည့် အပိုင်းလိုက်နေ့ရက်များကိုလည်း ထုတ်ပြန်ပေးသွားမည် ဖြစ်ပါကြောင်း၊ ရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီအားလုံး ဝင်ရောက်ယှဉ်ပြိုင်စေလိုသော်လည်း ဥပဒေနှင့်ညီညွတ်မှသာ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိမည် ဖြစ်ပါကြောင်း၊ နိုင်ငံရေးပါတီများအနေဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် ပိုမိုလွယ်ကူစေရန်အတွက် သတ်မှတ်ကာလအတွင်း တင်ပြရမည့် ပါတီဝင်အင်အား၊ ဖွင့်လှစ်ရမည့် ပါတီရုံးခန်းအရေအတွက်များကို ပြင်ဆင်ဖြေလျှော့ပေးခဲ့သော်လည်း မတင်သွင်းနိုင်သည့် ပါတီ ၄ ပါတီကို ဖျက်သိမ်းခဲ့ရပါကြောင်း။

လွှတ်တော် ကိုယ်စားလှယ်လောင်း အမည်စာရင်း တင်သွင်းခြင်းနှင့် စပ်လျဉ်း၍ ရက်တိုးမြှင့် သတ်မှတ်ပေးနိုင်ရေး နိုင်ငံရေးပါတီများမှ တောင်းဆိုခြင်းများရှိခဲ့ပါကြောင်း၊ ကိုယ်စားလှယ်လောင်း တင်သွင်းရမည့် နောက်ဆုံးနေ့ရက်နှင့် ကိုယ်စားလှယ်လောင်း အရေအတွက်ကိုလည်း ပြင်ဆင်သတ်မှတ်ပေးခဲ့ပါကြောင်း၊ နိုင်ငံရေးပါတီများအနေဖြင့် PR မဲဆန္ဒနယ်များအတွက် ဦးစားပေး အစီအစဉ်အတိုင်း ဖော်ပြထားသည့် ကိုယ်စားလှယ်လောင်း အမည်စာရင်းကို နိုဝင်ဘာ ၃၀ ရက် မတိုင်မီ ကော်မရှင်သို့ ပေးပို့နိုင်ရေး အကြောင်းကြားပြီးဖြစ်၍ ထပ်မံအသိပေးပြောကြားလိုကြောင်း။

ပထမအကြိမ် မဲစာရင်း ကပ်ထားကြေညာခြင်းကို ဆောင်ရွက်လျက်ရှိကြောင်း၊ မဲစာရင်း ပြုစုရာတွင် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့မှ ရရှိသည့်စာရင်းအပေါ်တွင် အခြေခံ၍ Software များ အသုံးပြုတိုက်ဆိုင်စစ်ဆေး ပြုစုခြင်းဖြစ်ပါကြောင်း၊ မဲစာရင်းနှင့် စပ်လျဉ်း၍ ကြေညာချက်များ၊ နိုးဆော်ချက်များ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ဆောင်ရွက်ထားပါကြောင်း၊ ယာယီနေရပ်စွန့်ခွာနေရသူများ မဲပေးနိုင်ရေးအတွက် ရောက်ရှိနေရာတွင် မဲပေးနိုင်ရေးနှင့် မူလနေရပ်သို့ ကြိုတင်မဲပေးနိုင်ရေး နည်းလမ်း ၂ မျိုးဖြင့် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ရွေးကောက်ပွဲ မကျင်းပနိုင်သည့် ၅၆ မြို့နယ်ရှိ မဲဆန္ဒရှင်များအနေဖြင့် ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပချိန်တွင် မဲပေးနိုင်မည် ဖြစ်ပါကြောင်း၊ ဒုတိယအကြိမ် မဲစာရင်းကပ်ထားကြေညာခြင်းမပြုမီ စိစစ်နိုင်ရေး နိုင်ငံရေးပါတီများသို့ ဖိတ်ကြားသွားမည် ဖြစ်ပါကြောင်း၊ ရွေးကောက်ပွဲ၏ အသက်သည် မဲစာရင်းဖြစ်သည့်အတွက် နိုင်ငံရေးပါတီများအနေဖြင့် ပူးပေါင်းဆောင်ရွက်ပေးရန် မေတ္တာရပ်ခံလိုပါကြောင်း။

ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခြင်းတို့နှင့်စပ်လျဉ်း၍ ကြေညာချက်ထုတ်ပြန်ပြီးဖြစ်၍ နိုင်ငံရေးပါတီများအနေဖြင့် ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို နိုင်ငံပိုင်ရေဒီယိုနှင့် ရုပ်မြင်သံကြား အစီအစဉ်များမှ ဟောပြောတင်ပြနိုင်ရေး ဆောင်ရွက်လျက် ရှိပါကြောင်း၊ ရွေးကောက်ပွဲကျင်းပမည့် အပိုင်းတစ်ပိုင်းတည်းအတွက် မဟုတ်ဘဲ ရွေးကောက်ပွဲ အပိုင်းအားလုံး အတွက် ယင်းကာလအတွင်း မဲဆွယ်စည်းရုံးရေး လုပ်ငန်းများကို ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ဆောင်ရွက်သည့်အခါ ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၃၀-က၊ နည်းဥပဒေ အခန်း(၁၀)ပါ သတ်မှတ်ချက်များ၊ ရွေးကောက်ပွဲဥပဒေအခန်း(၁၃)ပါ ရွေးကောက်ပွဲဆိုင်ရာပြစ်မှု၊ ပြစ်ဒဏ်များနှင့် အခန်း(၁၄)တွင်ပါသည့် တရားမဲ့ပြုကျင့်မှုများကို အထူးသတိပြုရန် လိုအပ်မည် ဖြစ်ပါကြောင်း၊ သက်ဆိုင်ရာ ပါတီဝင်များ၊ ပါတီထောက်ခံသူများကိုလည်း သိရှိအောင် အသိပေးထိန်းကျောင်းရန် လိုအပ်ပါကြောင်း၊ သတ်မှတ်ပြဋ္ဌာန်းချက်များကို ဖောက်ဖျက်ကျူးလွန်ပါက သက်ဆိုင်ရာ ဥပဒေများအရ အရေးယူခံရမည် ဖြစ်ပါကြောင်း၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက် ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေနှင့် ငြိစွန်းခြင်း မရှိစေရေးကိုလည်း သတိပြုစေလိုပါကြောင်း။

လွှတ်တော် (၃)ရပ်တွင် ဝင်ရောက် ယှဉ်ပြိုင်ကြမည့် လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးအနေဖြင့် ရွေးကောက်ပွဲ ကုန်ကျစရိတ် ငွေကျပ် သိန်းတစ်ရာ့ငါးဆယ်၊ တိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးအနေဖြင့် ငွေကျပ် သိန်းသုံးရာအထိ သုံးစွဲခွင့်ရှိပါကြောင်း၊ ရွေးကောက်ပွဲကုန်ကျစရိတ်များကို စနစ်တကျမှန်ကန်စွာ စာရင်းပြုစုရေးသွင်းထားပြီး သတ်မှတ်ရက်အတွင်း သက်ဆိုင်ရာ ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲများ၌ တင်သွင်းရမည်ဖြစ်ပါကြောင်း၊ သတ်မှတ်ထားသည့် ရက်အတွင်း မတင်သွင်းပါက ခုံအဖွဲ့ဖွဲ့၍ စစ်ဆေးပြီး အရည်အချင်း ပျက်ယွင်းသူအဖြစ် ထုတ်ပြန် ကြေညာသွားမည်ဖြစ်ပါ၍ ရွေးကောက်ပွဲ ကုန်ကျစရိတ်များကို အချိန်မီတင်သွင်းကြရန် မှာကြားလိုကြောင်း၊ ရွေးကောက်ပွဲဆိုသည်မှာ ကော်မရှင်တစ်ခုတည်းဖြင့် ဆောင်ရွက်မရပါကြောင်း၊ ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် နိုင်ငံရေးပါတီများနှင့် မဲဆန္ဒရှင်ပြည်သူများအနေဖြင့် သက်ဆိုင်ရာကဏ္ဍအလိုက် ပူးပေါင်း ပါဝင်ဆောင်ရွက်ကြမှသာ လွတ်လပ်၍တရားမျှတပြီး အောင်မြင်သော ရွေးကောက်ပွဲ ဖြစ်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် တက်ရောက်လာသည့် နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများက ရွေးကောက်ပွဲဆိုင်ရာ ကိစ္စရပ်များ၊ နိုင်ငံရေးပါတီဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြပြီး တင်ပြချက်များအပေါ် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးပြီး ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက လိုအပ်သည်များ ဖြည့်စွက်မှာကြားကာ နိဂုံးချုပ်အမှာစကား ပြောကြားသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ၊ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ရုံးမှ တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီ ၅၇ ပါတီမှ ဥက္ကဋ္ဌများ၊ ခေါင်းဆောင်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

**ရွေးကောက်ပွဲ ကျင်းပရန်**

**ရက် ၇၀**

**သာ လိုတော့သည်။**

### လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ အမည်စာရင်းကြေညာချက် ပုံစံ(၁၀)၊ ပုံစံ(၁၀-က)နှင့် ပုံစံ (၁၀-ခ)များ ကပ်ထားကြေညာမည့်နေ့ရက် အသိပေးကြေညာခြင်း

၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်

၁။ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလတွင် စတင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများသည် သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲများတွင် ၈-၉-၂၀၂၅ ရက်နေ့မှ ၂၂-၉-၂၀၂၅ ရက်နေ့အထိ အမည်စာရင်းတင်သွင်းလွှာများကို တင်သွင်းခဲ့ကြပြီးဖြစ်ပါသည်။

၂။ အဆိုပါလွှတ်တော်ကိုယ်စားလှယ်လောင်းများကို သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲများက ၂၃-၉-၂၀၂၅ ရက်နေ့မှ ၄-၁၀-၂၀၂၅ ရက်နေ့အထိ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ စိစစ်ခြင်းကို ဆောင်ရွက်ခဲ့ကြပြီးဖြစ်၍ စိစစ်လက်ခံအတည်ပြုထားသော သက်ဆိုင်ရာလွှတ်တော် မဲဆန္ဒနယ်အလိုက် ရွေးကောက်တင်မြှောက်ခံကြမည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ အမည်စာရင်းကြေညာချက်ပုံစံ(၁၀)၊ ပုံစံ(၁၀-က)နှင့် ပုံစံ(၁၀-ခ) များကို သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံး၊ ရပ်ကွက်နှင့်ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲရုံးများတွင် ၁၉-၁၀-၂၀၂၅ ရက်နေ့၌ တစ်ပြိုင်တည်းကပ်ထားကြေညာမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

### အမြဲတမ်းနေရပ်သို့ ပြန်လည်၍ မဲပေးလိုခြင်းမရှိပါက ရောက်ရှိနေရာတွင် မဲပေးနိုင်ရေး မဲစာရင်းထည့်သွင်းရန် ဆောင်ရွက်ရမည့်နည်းလမ်း

အနည်းဆုံးရက်ပေါင်း (၁၈၀)ထက်မနည်း မဲစာရင်းပါရှိသည့် သက်ဆိုင်ရာ မြို့နယ်ပြင်ပသို့ ရောက်ရှိနေပြီး မိမိ၏ အမြဲတမ်းနေရပ်သို့ပြန်လည်၍ မဲပေးလိုခြင်းမရှိပါက မိမိရောက်ရှိနေသော မဲဆန္ဒနယ်တွင် ဝင်ရောက်ယှဉ်ပြိုင်သော လွှတ်တော်ကိုယ်စားလှယ်လောင်းများကို ဆန္ဒမဲပေးပိုင်ခွင့်ရရှိရေးအတွက် မိမိအမည်ကို မဲစာရင်းတွင်ထည့်သွင်းပေးရန် တောင်းဆိုလွှာ ပုံစံ(၃-က)ဖြင့် ရွေးကောက်ပွဲကျင်းပမည့်နေ့ မတိုင်မီ ရက်ပေါင်း ၆၀ ထက် နောက်မကျစေဘဲ သက်ဆိုင်ရာ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်ပြလျှောက်ထားရန်။

### မဲစာရင်းများကို သွားရောက်ကြည့်ရှုပါ

ပထမအကြိမ် မဲစာရင်းကပ်ထားကြေညာခြင်းကို ၂၀-၁၀-၂၀၂၅ ရက်နေ့အထိ ၇ ရက် ထပ်မံတိုးမြှင့်၍ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲရုံးများတွင် ကပ်ထားကြေညာထားပါသည်။ မဲစာရင်းတွင် အမည်မပါလျှင် ပုံစံ(၃)ဖြင့် တောင်းဆိုပါ။ အမည်နှင့်အချက်အလက်များကို ကန့်ကွက်ရန်ရှိပါက ပုံစံ(၄)ဖြင့် ကန့်ကွက်ပါ။ အချက်အလက်များပြင်ဆင်ရန်ရှိပါက ပုံစံ(၄-ဂ) ဖြင့် လျှောက်ထားပါ။ ယင်းပုံစံများကို သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲရုံးများတွင် အခမဲ့ရယူနိုင်ပါသည်။

## မဲစာရင်းဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် မဲစာရင်းဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ မဲဆန္ဒရှင်ပြည်သူများက သိရှိလိုသည်များကို စုံစမ်းမေးမြန်းနိုင်ရန်နှင့် ကြုံတွေ့ရသည့်အခက်အခဲများကို သတင်းပို့နိုင်ရန်အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများက တာဝန်ခံဖြေကြားပေးမည့် Call Centre များကို ဖွင့်လှစ်ထားရှိပေးထားပါသည်။ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် အောက်ပါ Call Centre ဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် (နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၃၀၂ (၂) ၀၆၇-၃၄၀၄၃၀၃
- (၃) ၀၆၇-၃၄၀၄၃၀၄ (၄) ၀၉-၂၅၂၁၁၆၉၉၆
- (၅) မိုဘိုင်းဖုန်းမှုစာတို(SMS)ပေးပို့ရန် ၀၉-၂၅၂၁၁၆၉၉၆

(ခ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၁၇၉၆၇ (၂) ၀၆၇-၄၁၇၉၆၃
- (၃) ၀၆၇-၈၈၁၇၅၀၂၅၆ (၄) ၀၉-၅၃၃၀၁၃၀
- (၅) မိုဘိုင်းဖုန်းမှုစာတို(SMS)ပေးပို့ရန် ၀၉-၈၈၁၇၅၀၂၅၆

(ဂ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ကချင်ပြည်နယ်)
- (၁) ၀၁-၃၃၃၁၆၃၅
- (၂) ၀၉-၄၂၂၅၄၄၆၆၉
- (၃) မိုဘိုင်းဖုန်းမှုစာတို(SMS)ပေးပို့ရန် ၀၉-၄၀၀၀၂၁၃၀၃

(ဃ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ကယားပြည်နယ်)
- (၁) ၀၉-၈၈၁၄၄၆၆၈၆
- (၂) ၀၉-၈၈၆၈၃၄၂၃၃
- (၃) မိုဘိုင်းဖုန်းမှုစာတို(SMS)ပေးပို့ရန် ၀၉-၆၈၅၆၃၆၈၁၁

(င) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၁၁၇၅
- (၂) ၀၅၈-၂၃၄၃၂
- (၃) မိုဘိုင်းဖုန်းမှုစာတို(SMS)ပေးပို့ရန် ၀၉-၇၇၈၇၁၀၁၄၆

(စ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ချင်းပြည်နယ်)
- (၁) ၀၁-၃၃၃၆၆၁၁
- (၂) ၀၁-၃၃၃၆၆၂၂
- (၃) မိုဘိုင်းဖုန်းမှုစာတို(SMS)ပေးပို့ရန် ၀၉-၄၄၂၉၉၃၂၃၃

(ဆ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၅
- (၂) ၀၇၁-၂၀၃၂၀၉၆
- (၃) မိုဘိုင်းဖုန်းမှုစာတို(SMS)ပေးပို့ရန် ၀၉-၆၇၉၇၇၉၅၂၀

(ဇ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၂၁၁
- (၂) ၀၅၉-၂၀၂၃၅၂၅
- (၃) မိုဘိုင်းဖုန်းမှုစာတို(SMS)ပေးပို့ရန် ၀၉-၄၀၃၇၂၉၉၉၀

(ဈ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂- ၂၂၁၂၆၈
- (၂) ၀၅၂- ၂၂၀၁၉၉၁
- (၃) မိုဘိုင်းဖုန်းမှုစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၁၃၃၁၈၇

(ည) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၉
- (၂) ၀၆၃-၂၀၂၈၉၀
- (၃) မိုဘိုင်းဖုန်းမှုစာတို(SMS)ပေးပို့ရန် ၀၉-၅၂၀၂၆၅၉

(ဋ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၆၉၀၄၂
- (၂) ၀၂-၄၀၆၇၃၄၄
- (၃) မိုဘိုင်းဖုန်းမှုစာတို(SMS)ပေးပို့ရန်၀၉-၃၆၀၂၂၇၇၇

(ဌ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၂၅၆
- (၂) ၀၅၇-၂၀၂၄၃၉၁
- (၃) မိုဘိုင်းဖုန်းမှုစာတို(SMS)ပေးပို့ရန် ၀၉-၄၀၀၀၇၀၉၀၃

(ဍ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၄၂၁၇၄၂၄၂၈
- (၂) ၀၉-၄၃၀၉၄၄၅၇
- (၃) မိုဘိုင်းဖုန်းမှုစာတို(SMS)ပေးပို့ရန် ၀၉-၄၂၁၇၁၅၄၉၄

(ဎ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၂၅၀၆၂၉၃
- (၂) ၀၁-၂၃၀၆၂၅၀
- (၃) မိုဘိုင်းဖုန်းမှုစာတို(SMS)ပေးပို့ရန် ၀၉-၄၄၃၆၅၁၄၁၆


(ဏ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၉၉၅
- (၂) ၀၈၁-၂၁၂၄၅၄၀
- (၃) မိုဘိုင်းဖုန်းမှုစာတို(SMS)ပေးပို့ရန် ၀၉-၂၅၄၁၀၁၅၀၈

(တ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၄၆၁၆
- (၂) ၀၄၂-၂၃၇၈၃
- (၃) မိုဘိုင်းဖုန်းမှုစာတို(SMS)ပေးပို့ရန် ၀၉-၆၉၅၈၃၇၀၃၀

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပေးပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စွမ်းအင်ဝန်ကြီး Mr. Sergey Tsivilyov တို့ တွေ့ဆုံဆွေးနွေး



နေပြည်တော် အောက်တိုဘာ ၁၈

ရုရှား ဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့၌ (၈)ကြိမ်မြောက် ရုရှားစွမ်းအင် ရက်သတ္တပတ် အပြည်ပြည်ဆိုင်ရာဖိုရမ်(REW) သို့ တက်ရောက်နေသည့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စွမ်းအင်ဝန်ကြီး Mr. Sergey Tsivilyov နှင့် တွေ့ဆုံရာ တွေ့ဆုံဆွေးနွေးပွဲသို့ ရုရှားနိုင်ငံပိုင် စွမ်းအင်ဆိုင်ရာအဖွဲ့အစည်းများ ဖြစ်သော INTER RAO Export နှင့် JSC RosGeo အဖွဲ့အစည်းများ၏ အကြီးအကဲများ ပါဝင်တက်ရောက်ကြသည်။

တွေ့ဆုံစဉ် စွမ်းအင်ကဏ္ဍဆိုင်ရာလုပ်ငန်းများနှင့် ပတ်သက်၍ မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံ နှစ်နိုင်ငံစွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်နိုင်ရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားမည့် ကိစ္စရပ်များ၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ဆိုင်ရာ နည်းပညာများနှင့် ပတ်သက်၍ ပူးပေါင်းဆောင်ရွက်သွားမည့် ကိစ္စရပ်များ၊ ဘူမိရူပဗေဒနှင့် ရေနံအင်ဂျင်နီယာ ဘာသာရပ်နယ်ပယ်များတွင် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်ရန်အတွက် လုပ်ငန်းခွင် လက်တွေ့သင်တန်းများ လက်ခံသင်ကြားပေးမည့်ကိစ္စများ၊ ကျောက်မီးသွေးမှ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးဆိုင်ရာ လုပ်ငန်းကိစ္စများ၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ တိုးတက်ထုတ်လုပ်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်သွားမည့်ကိစ္စရပ်များ၊ သဘာဝဓာတ်ငွေ့သုံး Gas Turbine များ စွမ်းအားမြှင့်တင်ရေး ကိစ္စရပ်များကို အမြင်ချင်းဖလှယ်ဆွေးနွေးသည်။

ထို့နောက် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဉာဏ်ရည်တုနည်းပညာ (AI)အသုံးပြု၍ ပါးလွှာသဲကြောများမှ သဘာဝဓာတ်ငွေ့ထုတ်ယူရရှိရေး ရှေ့ပြေးစီမံကိန်း(Pilot Project to Extract Natural Gas From Thin Sands Using Artificial Intelligence Technology)အဖြစ် အဖျောက်သဘာဝ ဓာတ်ငွေ့မြေရှိတွင်း ငါးတွင်းတွင် ဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံစွမ်းအင်ဝန်ကြီးဌာနနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံပိုင် JSC RosGeo ကုမ္ပဏီတို့အကြားလုပ်ငန်း သဘောတူစာချုပ် ချုပ်ဆိုခြင်းကို နှစ်နိုင်ငံ စွမ်းအင်ဝန်ကြီးများ ရှေ့မှောက်တွင် လက်မှတ်ရေးထိုးသည်။ ယခုချုပ်ဆိုခဲ့သည့် စီမံကိန်းသည် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍတွင် ဉာဏ်ရည်တုနည်းပညာ(AI)ကို အသုံးပြု၍ ပထမဆုံး ရေနံနှင့် သဘာဝဓာတ်ငွေ့ အထွက်တိုးရေးလုပ်ငန်းများ ဆောင်ရွက်သည့် စီမံကိန်းတစ်ခုဖြစ်ပြီး သဘာဝဓာတ်ငွေ့ ထုတ်ယူနိုင်ရန် အလားအလာကောင်းများရှိသည့် အဖျောက် သဘာဝဓာတ်ငွေ့မြေတွင် စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ယင်းနောက် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံပိုင် JSC RosGeo ကုမ္ပဏီမှ CEO ဖြစ်သူ Mr. Sergey Ratkov ဦးဆောင်သည့်အဖွဲ့နှင့် တွေ့ဆုံဆွေးနွေးရာ AI နည်းပညာအသုံးပြုပြီး GeoAudit Technology ဖြင့် ရေနံနှင့်သဘာဝဓာတ်ငွေ့ထုတ်ယူနိုင်သည့်အတွက် အကျိုးဖြစ်ထွန်းလျက်ရှိနေသည့် ရေနံမြေများ၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ အပါအဝင် မြေအောက်သယံဇာတများအား ရှာဖွေ၊ တူးဖော်၊ ထုတ်လုပ်ရေး လုပ်ငန်းများကို စနစ်ကျစွာ စီမံခန့်ခွဲနိုင်ရန်နှင့် Potential ဧရိယာများ ဖော်ထုတ်နိုင်ရန်အတွက် ခေတ်မီနည်းပညာဖြင့် ဘူမိမြေပုံများ ရေးဆွဲသည့် နည်းပညာဆိုင်ရာ ကိစ္စရပ်များ၊ ရေနံအထွက်တိုး ရှာဖွေခြင်း လုပ်ငန်းများနှင့် ပတ်သက်သည့်ကိစ္စရပ်များ၊ ဘူမိဗေဒနှင့် ဘူမိရူပဗေဒနယ်ပယ်တွင် လူ့စွမ်းအား အရင်းအမြစ်များ မွေးထုတ်နိုင်ရန်အတွက် လုပ်ငန်းခွင် လက်တွေ့သင်တန်းများ စေလွှတ်နိုင်ရေးဆိုင်ရာကိစ္စများကိုအမြင်ချင်း ဖလှယ် ဆွေးနွေးပြီး JSC RosGeo ကုမ္ပဏီပိုင် ရုရှား State Geological Museum အတွင်း လှည့်လည်ကြည့်ရှုလေ့လာသည်။

ဆက်လက်၍ မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံပိုင် Gaztroprom International Limited မှ General Director ဦးဆောင်သည့်အဖွဲ့နှင့် တွေ့ဆုံ၍ ထားဝယ် ရေနက်ဆိပ်ကမ်းတွင် ရေနံချက်စက်ရုံ တည်ဆောက်နိုင်ရေး အတွက် အင်ဂျင်နီယာ လုပ်ငန်းဆိုင်ရာ ကိစ္စရပ်များ၊ လိုအပ်သည့်ရေနံစိမ်းများရရှိရေးနှင့် ထွက်ရှိလာသည့် ရေနံထွက်ပစ္စည်းများကို ပြည်တွင်းတွင်သာမက ဒေသတွင်းနိုင်ငံများသို့ ဖြန့်ဖြူးရောင်းချပေးမည့် အလားအလာများနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များ၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းများ အဆင့်မြှင့်တင်ခြင်းဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးပြီး သက်ဆိုင်ရာ ပညာရှင်များပါဝင်သည့် ဖြစ်နိုင်ချေ စွမ်းဆန်းစစ်ခြင်း လုပ်ငန်းစဉ်များကို ဆောင်ရွက်နိုင်ရန်အတွက် စေလွှတ်မည့်ကိစ္စများကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ကျောက်မဲမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ထပ်မံဖွင့်လှစ်

## ကျောင်းအပ်နှံမှုများ ဆက်လက်လက်ခံ၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်



နေပြည်တော် အောက်တိုဘာ ၁၈

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲမြို့၌ ကျောင်းသား ကျောင်းသူများ အမြန်ဆုံး ပညာသင်ကြားနိုင်ရေးအတွက် ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးကို နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူလူထုတို့ ပူးပေါင်း၍ အင်တိုက်အားတိုက် ကြိုးပမ်း ဆောင်ရွက်ခဲ့ကြရာ ကျောက်မဲမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းကို အောက်တိုဘာ ၈ ရက်တွင်လည်းကောင်း၊ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၄) အခြေခံပညာအလယ်တန်းကျောင်းကို အောက်တိုဘာ ၁၅ ရက်တွင်လည်းကောင်း၊ အခြေခံပညာ အထက်တန်းကျောင်း (နောင်ပိန်)ကို အောက်တိုဘာ ၁၆ ရက်တွင်လည်းကောင်း၊ အမှတ်(၃)အခြေခံပညာ အထက်တန်းကျောင်းကို အောက်တိုဘာ ၁၇ ရက်တွင်လည်းကောင်း၊ ယနေ့တွင် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းကိုလည်းကောင်း ထပ်မံဖွင့်လှစ်နိုင်ခဲ့ရာ ယနေ့အထိ အခြေခံပညာကျောင်း ခြောက်ကျောင်း ဖွင့်လှစ်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

အဆိုပါကျောင်းများ၌ ကျောင်းအပ်လက်ခံခြင်းများ ဆက်လက် ဆောင်ရွက် ပေးလျက်ရှိရာ ကျောင်းလာရောက်အပ်နှံမှုအနေဖြင့် ယနေ့တွင် ကျောင်းသား ကျောင်းသူ ၁၃၆ ဦး ထပ်မံကျောင်းအပ်နှံခဲ့သဖြင့် စုစုပေါင်း ကျောင်းသား ကျောင်းသူ ၄၀၂၄ ဦး ကျောင်းတက်ရောက်လျက်ရှိပြီး စာပေပညာများကို စိတ်အေးချမ်းသာစွာ သင်ကြားလျက်ရှိကြောင်း သိရသည်။ ထပ်မံကျောင်းအပ်နှံသည့် ကျောင်းသား ကျောင်းသူများအား ပညာရေးဝန်ကြီးဌာနမှ အခမဲ့ပေးအပ်သည့် ကျောင်းသုံးစာအုပ်များ၊ စာရေးကိရိယာများနှင့် ထောက်ပံ့ပစ္စည်းများကို တစ်ပါတည်း ပေးအပ်ကြပြီး ဌာနဆိုင်ရာ တာဝန်ရှိသူများက လိုအပ်သည်များ ဆောင်ရွက်ပေးကြသည်။

ထို့အပြင် ကျောက်မဲမြို့သို့ ပြန်လည် ဝင်ရောက်လာသည့် ဒေသခံ ပြည်သူများအား အိမ်ထောင်စုစာရင်း တိုက်ဆိုင်စစ်ဆေးခြင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးခြင်းတို့ကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာနမှ တာဝန်ရှိသူများက ဆောင်ရွက်ပေးကြသည်။

ထို့နောက် လုံခြုံရေးတပ်ဖွဲ့ဝင်များက ကျောက်မဲမြို့ပေါ်ရှိ ဌာနဆိုင်ရာရုံးများနှင့် အများပြည်သူ သွားလာနေထိုင် လျက်ရှိသည့် နေရာများတွင် မိုင်းရှင်းလင်းရေး လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး ဒေသခံပြည်သူများ၏ ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများအတွက် ကျန်းမာရေးဝန်ကြီးဌာနနှင့် တပ်မတော်မှ ဆရာဝန်များ၊ သူနာပြုများ ပူးပေါင်း၍ ကျောက်မဲမြို့ လာဘမုနိတရုတ်ဘုံကျောင်း၌ ယာယီဆေးရုံ ဖွင့်လှစ်ကာ ဆေးကုသပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပြင်ပလူနာ ၇၈ ဦးနှင့် ဆေးရုံတက်ရောက် ကုသရန် လိုအပ်သော လူနာတစ်ဦးတို့ကို လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၈)အနိုင်၊ အရှုံး** NGB

| | | |
|---|---|---|
| နော်တင်ဟမ် | ၀ - ၃ | ချဲလ်ဆီး |
| ဘရိုက်တန် | ၂ - ၁ | နယူးကာဆယ် |
| ဘန်လေ | ၂ - ၀ | လိဒ်စ် |
| ပဲလေ့စ် | ၃ - ၃ | ဘုန်းမောက် |
| မန်စီးတီး | ၂ - ၀ | အဲဗာတန် |
| ဆန်းဒါးလန်း | ၂ - ၀ | ဝုဖ် |
| ဖူလ်ဟမ် | ၀ - ၁ | အာဆင်နယ် |

**ပြင်သစ်လီဂူး ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၈)အနိုင်၊ အရှုံး** NGB

| | | |
|---|---|---|
| နိစ် | ၃ - ၂ | လိုင်ယွန် |
| အန်ဂါစ် | ၁ - ၁ | မိုနာကို |

**စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၉) အနိုင်၊ အရှုံး** NGB

| | | |
|---|---|---|
| ဆီဗီလာ | ၁ - ၃ | မာယော့ကာ |
| ဘာစီလိုနာ | ၂ - ၁ | ဂျီရိုနာ |
| ဗီလာရီးရဲလ် | ၂ - ၂ | ဘက်တစ် |

**ဂျာမန်ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၇)အနိုင်၊ အရှုံး** NGB

| | | |
|---|---|---|
| ကိုလုံး | ၁ - ၁ | အော့စ်ဘတ် |
| မိန့်ဇ် | ၃ - ၄ | လေဗာကူဆင် |
| လိုက်ပဇစ် | ၂ - ၁ | ဟမ်းဘတ် |
| ဝုဖ်ဘတ် | ၀ - ၃ | စတုဂတ် |
| ဘိုင်ယန်မြူးနစ် | ၂ - ၁ | ဒေါ့မွန် |

**အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၇)အနိုင်၊ အရှုံး** NGB

| | | |
|---|---|---|
| လက်ချီ | ၀ - ၀ | ဆက်ဆူအိုလို |
| ပီဆာ | ၀ - ၀ | ဗီရိုနာ |
| တိုရီနို | ၁ - ၀ | နာပိုလီ |

**အင်္ဂလိပ်ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၀)အနိုင်၊ အရှုံး** NGB

| | | |
|---|---|---|
| ကျူပီအာ | ၁ - ၂ | မီဝေါလ် |
| ဆောက်သမ်တန် | ၀ - ၀ | ဆွမ်ဆီး |
| နော့ဝှစ်ချ် | ၀ - ၁ | ဘရစ္စတိုးစီးတီး |
| စတုတ်စီးတီး | ၁ - ၀ | ဝက်ရဟမ်း |
| ဝက်စ်ဘရွန်း | ၂ - ၁ | ပရက်စတန် |
| ရှက်ဖီးလ်(utd) | ၁ - ၀ | ဝက်ဖို့ဒ် |

## ၂၀၂၅ ခုနှစ်အတွင်း ကမ္ဘာ့စီးပွားရေးတိုးတက်မှုနှုန်း ၃ ဒသမ ၂ ရာခိုင်နှုန်းမြင့်တက်

နယူးယောက် အောက်တိုဘာ ၁၈

၂၀၂၅ ခုနှစ်အတွင်း ကမ္ဘာ့စီးပွားရေးတိုးတက်မှုနှုန်းသည် ၃ ဒသမ ၂ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်းနှင့် ဇူလိုင်လက ခန့်မှန်းထားသည်ထက် သုည ဒသမ ၂ ရာခိုင်နှုန်း ပိုမိုများပြားခဲ့ကြောင်း နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ (IMF) က ၎င်း၏ ကမ္ဘာ့စီးပွားရေးခန့်မှန်းသုံးသပ်ချက်အစီရင်ခံစာတွင် ဖော်ပြထားသည်။

ဖွံ့ဖြိုးပြီးနိုင်ငံများ၏ စီးပွားရေးတိုးတက်မှုနှုန်းသည် ယခုနှစ်အတွင်း ၁ ဒသမ ၆ ရာခိုင်နှုန်းနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ စီးပွားရေးတိုးတက်မှုနှုန်းသည် ၄ ဒသမ ၂ ရာခိုင်နှုန်းတိုးတက်မည်ဟု ခန့်မှန်းထားသော်လည်း ဖွံ့ဖြိုးပြီးနှင့် ဖွံ့ဖြိုးဆဲနိုင်ငံနှစ်ခုစလုံး၏ စီးပွားရေးတိုးတက်မှုသည် ခန့်မှန်းထားသည်ထက် သုည ဒသမ ၁ ရာခိုင်နှုန်းတိုးတက်ခဲ့ကြောင်း သိရသည်။

အမေရိကန်၏ အခွန်စည်းကြပ်မှုနှင့် ပတ်သက်ပြီး ယခုအချိန်အထိ မျှော်လင့်ထားသည်ထက် အကျိုးသက်ရောက်မှု ပိုမိုနည်းပါးကြောင်း နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့မှ စီးပွားရေးပညာရှင် ပီရီ-အိုလီဗီယာ ဂိုရန်ချာစ်က ပြောကြားခဲ့သည်။

လာမည့် ၂၀၂၆ ခုနှစ်တွင် ကမ္ဘာ့စီးပွားရေးတိုးတက်မှုနှုန်းသည် ၃ ဒသမ ၁ ရာခိုင်နှုန်းတိုးတက်မည်ဖြစ်ကြောင်း နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့၏ စီးပွားရေးခန့်မှန်းသုံးသပ်ချက်အစီရင်ခံစာတွင် ခန့်မှန်းဖော်ပြထားသည်။

စီးပွားရေးဆိုင်ရာမူဝါဒမသေချာမရေရာမှုများကို ဖြေရှင်းခြင်း၊ ဉာဏ်ရည်တုနည်းပညာဖြင့် စုစုပေါင်း ထုတ်လုပ်မှုစွမ်းအားကို မြှင့်တင်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်မှုကိုမြှင့်တင်ပေးသည့် လက်တွေ့ကျပြီး လိုက်လျောညီထွေမှုရှိသော နိုင်ငံစုံစနစ်တစ်ခုကို ထူထောင်ခြင်းသည် ကမ္ဘာ့စီးပွားရေးဆိုင်ရာ စိန်ခေါ်မှုများကို ဖြည့်ဆည်းပေးမည်ဖြစ်ကြောင်း နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့က အကြံပြုထားသည်။




ကိုးကား - ဆင်ဟွာ
ဘာသာပြန် - အောင်ကျော်ကျော်

## တရုတ်နိုင်ငံ၏ အာတိတ်သမုဒ္ဒရာကိုဖြတ်၍ ဥရောပသို့ သွားရောက်သည့် ပထမဆုံး ကွန်တိန်နာတင်သင်္ဘောခရီးစဉ် အောင်မြင်စွာ ရောက်ရှိ

ပေကျင်း အောက်တိုဘာ ၁၈

တရုတ်နိုင်ငံ၏ အာတိတ်သမုဒ္ဒရာကိုဖြတ်၍ ဥရောပသို့ သွားရောက်သည့် ပထမဆုံး ကွန်တိန်နာတင်သင်္ဘောခရီးစဉ် အောင်မြင်စွာ ရောက်ရှိခဲ့ကြောင်း သိရသည်။

အဆိုပါ ကွန်တိန်နာတင်သင်္ဘောသည် စက်တင်ဘာ ၂၃ ရက်တွင် တရုတ်နိုင်ငံ အရှေ့ပိုင်းကျဲ့ကျန်းပြည်နယ်မှ ထွက်ခွာခဲ့ပြီး အာတိတ်လမ်းကြောင်းကို ဖြတ်ကျော်ကာ အောက်တိုဘာ ၁၄ ရက်တွင် အင်္ဂလန်နိုင်ငံရှိ ဆိပ်ကမ်းတစ်ခုသို့ ရောက်ရှိခဲ့ကြောင်း နိုင်ငံပိုင်မီဒီယာက သတင်းဖော်ပြခဲ့သည်။

တရုတ်နိုင်ငံမှ ကွန်တိန်နာသင်္ဘောတစ်စင်း အာတိတ်ပင်လယ်ကိုဖြတ်၍ ဥရောပသို့ ပထမဆုံးအကြိမ် ထွက်ခွာခဲ့ခြင်းဖြစ်ကြောင်း မီဒီယာများက ပြောကြားခဲ့သည်။

သမားရိုးကျ တရုတ်-ဥရောပ လမ်းကြောင်းများသည် အရှေ့အလယ်ပိုင်းရှိ စူးအက်တူးမြောင်းမှတစ်ဆင့် ရက်ပေါင်း ၄၀ ခန့် ကြာမြင့်ပြီး ရထားလမ်းကြောင်းဖြင့် ၂၅ ရက်ခန့် ကြာမြင့်သည်။

ယခုအာတိတ်လမ်းကြောင်းသည် ရက် ၂၀ ခန့်သာကြာမြင့်သည့်အတွက် ခရီးစဉ်၏ကြာချိန်ကို သိသိသာသာ လျှော့ချနိုင်ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

အဆိုပါ ကွန်တိန်နာသင်္ဘောသည် ဂျာမနီ၊ ပိုလန်နှင့် နယ်သာလန်ရှိ ဆိပ်ကမ်းများတွင် ဆိုက်ကပ်ရပ်နားမည်ဖြစ်ကြောင်း သိရသည်။

တရုတ်နိုင်ငံသည် သယ်ယူပို့ဆောင်ရေးလမ်းကြောင်းသစ်ကို တီထွင်ခြင်းဖြင့် အမေရိကန်နှင့် ကုန်သွယ်ရေး ပွတ်တိုက်မှုများကြားတွင် ဥရောပနှင့် ကုန်သွယ်မှုကို ချဲ့ထွင်ရန် ကြိုးပမ်းဖွယ်ရှိကြောင်း စောင့်ကြည့်လေ့လာသူများက ပြောကြားသည်။

အလားတူ "ဝင်ရိုးစွန်းပိုးလမ်းမ" ဟုခေါ်သော အာတိတ်သမုဒ္ဒရာလမ်းကြောင်း ဖွံ့ဖြိုးတိုးတက်ရေးကို မြှင့်တင်ဆောင်ရွက်ရန် ပေကျင်းက ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကိုးကား - အင်န်အိတ်ချ်ကေ
ဘာသာပြန် - အောင်ကျော်ကျော်



## INTERNATIONAL NEWS
## နိုင်ငံတကာသတင်းများ



## ပဟောင်ဦဆန်သည့် ပင်လယ်ရေပူလှိုင်းကို ပညာရှင်များ ခွဲခြမ်းစိတ်ဖြာမြောက်ပစိဖိတ် သမုဒ္ဒရာရေပြင် နွေရာသီများအတွင်း အပူဆုံးဖြစ်ခဲ့

လန်ဒန် အောက်တိုဘာ ၁၈

ရာသီဥတုပညာရှင်များကို အံ့အားသင့်စေခဲ့သော ပဟောင်ဦဆန်သည့် ပင်လယ်ရေပူလှိုင်းကို ပညာရှင်များ ခွဲခြမ်းစိတ်ဖြာခဲ့ရာတွင် မြောက်ပစိဖိတ်သမုဒ္ဒရာရေပြင်သည် မှတ်တမ်းတင်ထားသမျှ နွေရာသီများအတွင်း အပူဆုံးဖြစ်ခဲ့ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

ဇူလိုင်လနှင့် စက်တင်ဘာလကြား ပင်လယ်ရေမျက်နှာပြင်အပူချိန်သည် ယခင်အပူဆုံးဖြစ်သော ၂၀၂၂ ခုနှစ်ကထက် ၀ ဒသမ ၂၅ ဒီဂရီစင်တီဂရိတ်ကျော် မြင့်တက်ခဲ့ပြီး မြေထဲပင်လယ်၏ အရွယ်အစား ဆယ်ဆခန့်ရှိသော ဧရိယာတစ်လျှောက်တွင် များစွာ မြင့်တက်ခဲ့သည်။

ရာသီဥတုပြောင်းလဲမှုကြောင့် ပင်လယ်ရေပူလှိုင်းများ ပိုမိုဖြစ်ပေါ်လာနိုင်သည်ဟု ဆိုသော်လည်း မြောက်ပစိဖိတ်ရေပြင်သည် အဘယ်ကြောင့် ဤမျှကြာကြာ အပူချိန်မြင့်မားသည်ကို ရှင်းပြရန် ပညာရှင်များက ကြိုးပမ်းနေရဆဲပင် ဖြစ်သည်။

သို့ရာတွင် အပူထုပူဖောင်းဟု ခေါ်ဆိုသည့် အဆိုပါ ပိုလျှံနေသော အပူရှိန်သည် ယူကေနိုင်ငံအပေါ်၌မူ ဆန့်ကျင်ဘက် အကျိုးသက်ရောက်မှုများ ဖြစ်ပေါ်စေနိုင်ပြီး ဆောင်းရာသီအစကို ပိုမိုအေးခဲစေနိုင်ကြောင်း သုတေသီအချို့က ယုံကြည်ကြသည်။

မြောက်ပစိဖိတ်တွင် ပုံမှန်မဟုတ်သည့် အရာတစ်ခု ဖြစ်ပေါ်နေသည်မှာ သေချာသည်ဟု အမေရိကန်ပြည်ထောင်စုမှ သုတေသနအဖွဲ့တစ်ခုဖြစ်သည့် ဘာကေလေအာ့သ်မှ ရာသီဥတုပညာရှင် ဇိက်ဟောက်စ်ဖားသားက ပြောကြားကြောင်း သိရသည်။ Mon

## ကင်ဆာရောဂါ အမျိုးအစား ၅၀ ကျော်ကို ဖော်ထုတ်နိုင်သည့် သွေးစစ်ဆေးမှု ရောဂါရှာဖွေခြင်းကို ပိုမိုမြန်ဆန်စေရန် ကူညီနိုင်မည်ဟု ဆို

ဝါရှင်တန် အောက်တိုဘာ ၁၈

ကင်ဆာရောဂါ ၅၀ ကျော်ကို စမ်းသပ်ဖော်ထုတ်နိုင်သည့် သွေးစစ်ဆေးမှုအသစ်တစ်မျိုးသည် ရောဂါရှာဖွေခြင်းကို ပိုမိုမြန်ဆန်စေရန် ကူညီနိုင်မည်ဖြစ်ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြ သည်။

မြောက်အမေရိကတွင် ပြုလုပ်ခဲ့သည့် စမ်းသပ်မှုရလဒ်များက အဆိုပါ စစ်ဆေးမှုသည် အမျိုးမျိုးသော ကင်ဆာများကို ခွဲခြားသတ်မှတ်နိုင်ကြောင်း ပြသခဲ့ပြီး ၎င်းတို့အနက် လေးပုံသုံးပုံမှာ မည်သည့် စစ်ဆေးရှာဖွေရေး အစီအစဉ်မှ မရှိသေးသည့် ကင်ဆာများ ဖြစ်သည်။

ကင်ဆာရောဂါများ၏ တစ်ဝက်ကျော်ကို အစောပိုင်းအဆင့်တွင် ထောက်လှမ်းနိုင်ခဲ့ပြီး ထိုအဆင့်၌ ကုသရန် ပိုမိုလွယ်ကူပြီး ပျောက်ကင်းနိုင်ခြေရှိသည်။

အမေရိကန်အခြေစိုက် ဂရေးလ်ဆေးဝါးကုမ္ပဏီက ထုတ်လုပ်သော စစ်ဆေးမှုသည် အကျိတ်မှ ပြတ်ထွက်ပြီး သွေးထဲသို့ ရောက်ရှိနေသည့် ကင်ဆာ ဒီအင်န်အေ အစအနများကို ထောက်လှမ်းနိုင်သည်။

အဆိုပါ စမ်းသပ်မှုတွင် အမေရိကန်နှင့် ကနေဒါနိုင်ငံတို့မှ အရွယ်ရောက်ပြီးသူ ၂၅၀၀၀ ကို တစ်နှစ်ကျော်ကြာ စောင့်ကြည့်လေ့လာခဲ့သည်။

စစ်ဆေးခံသူများအနက် လူ ၁၀၀ လျှင် တစ်ဦးနီးပါးမှာ စစ်ဆေးမှုရလဒ် အပြုသဘောဆောင်ခဲ့ပြီး ၎င်းတို့အနက် ၆၂ ရာခိုင်နှုန်းတွင် နောက်ပိုင်းတွင် ကင်ဆာရောဂါရှိကြောင်း အတည်ပြုနိုင်ခဲ့သည်။

ရင်သား၊ အူလမ်းကြောင်းနှင့် သားအိမ်ခေါင်းကင်ဆာ စစ်ဆေးမှုများနှင့် ပေါင်းစပ်လိုက်သည့်အခါ ၎င်းသည် စစ်ဆေးနိုင်သည့် ကင်ဆာအရေအတွက်ကို စုစုပေါင်း ခုနစ်ဆအထိ တိုးမြှင့်ဆောင်ရွက်ပေးခဲ့သည်။

အရေးအကြီးဆုံးအချက်မှာ စစ်ဆေးတွေ့ရှိခဲ့သည့် ကင်ဆာများ၏ လေးပုံသုံးပုံသည် သားဥအိမ်၊ အသည်း၊ အစာအိမ်၊ ဆီးအိမ်နှင့် ပန်ကရိယ(သရက်ရွက်)ကင်ဆာများ ဖြစ်ကြောင်း သိရသည်။ Mon

## ၁၀ ဒသမ ၈ ကီလိုမီတာ စက်ဘီးလမ်းကြောင်း အသစ် စင်ကာပူနိုင်ငံ၌ ဖောက်လုပ်ပြီးစီး

စင်ကာပူ အောက်တိုဘာ ၁၈

၁၀ ဒသမ ၈ ကီလိုမီတာ စက်ဘီးလမ်းကြောင်းအသစ် ဖောက်လုပ်ပြီးစီးသွားသဖြင့် စင်ကာပူနိုင်ငံ တိုးပါယိုးရပ်ကွက်နေ ဒေသခံများသည် ယခုအခါ ပိုမိုအဆင်ပြေစွာ စက်ဘီးစီးနိုင်ပြီဖြစ်ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

အဆိုပါ စက်ဘီးလမ်းကြောင်းကို ဘီရှန်-တိုးပါယိုး အခြေခံအဖွဲ့အစည်းများ၏ လူထုအကြံပေးပုဂ္ဂိုလ်ဖြစ်သူ ပါလီမန်အမတ် ကိုင်ယင်ကျိုးက အောက်တိုဘာ ၁၈ ရက်တွင် ဖွင့်လှစ်ပေးခဲ့သည်။

"ပြီးစီးသွားတဲ့ စက်ဘီးလမ်းကြောင်း ကွန်ရက်ဟာ ဒေသခံတွေကို အိပ်ချ်ဒီဘီရုံးချုပ်၊ ရပ်ကွက်ဈေးများ၊ အစားအသောက်စင်တာများ၊ ပန်းခြံများနဲ့ ကျောင်းများလို အဓိကနေရာတွေဆီကို ပိုမိုဘေးကင်းတဲ့ လမ်းကြောင်းတွေ ပေးစွမ်းနိုင်တဲ့အပြင် တောင်-မြောက်လမ်းပေါ်ရှိ တိုးပါယိုးနဲ့ ဘရက်ဒဲလ် အမ်အာတီဘူတာများ၊ စက်ဝိုင်းလမ်းနှင့် သွမ်ဆင်-အရှေ့ဘက်ကမ်းရိုးတန်းလမ်းပေါ်ရှိ ကယ်လ်ဒီကော့တ် အမ်အာတီဘူတာလို သယ်ယူပို့ဆောင်ရေး အချက်အချာနေရာတွေနဲ့ ဆက်သွယ်မှုကိုပါ မြှင့်တင်ပေးပါတယ်"ဟု ကုန်းလမ်းပို့ဆောင်ရေး အာဏာပိုင်အဖွဲ့ ပြောရေးဆိုခွင့်ရှိသူက ရှင်းပြသည်။

အဆိုပါ ကွန်ရက်၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် လိုရောင်ရှစ်တိုးပါယိုးရပ်ကွက်တွင် စက်ဘီးဖြတ်သန်းသည့် လမ်းဆုံအသစ်တစ်ခုကိုလည်း အကောင်အထည်ဖော်ခဲ့ရာ အကျိုးရလဒ်အနေဖြင့် ဒေသခံများသည် အနီးနားရှိ ကာလန်ပန်းခြံချိတ်ဆက်လမ်းနှင့် ဘီရှန်၊ အန်းမိုးကယိုနှင့် ကာလန်စသည့် အိမ်နီးချင်းမြို့များသို့ ပိုမိုလွယ်ကူစွာ သွားရောက်နိုင်မည်ဖြစ်ကြောင်း သိရသည်။ Mon

# နိုင်ငံတကာ အားကစား သတင်းများ

## ကိုးလ်ပါလ်မာသည် ဒဏ်ရာမှ သက်သာခြင်းမရှိသေးသောကြောင့် နောက်ထပ် ခြောက်ပတ်ခန့် ထပ်မံအနားယူရမည်

**လန်ဒန် အောက်တိုဘာ ၁၈**

ချဲလ်ဆီးအသင်း ကွင်းလယ်တိုက်စစ်ကစားသမား ကိုးလ်ပါလ်မာသည် ပေါင်ခြံဒဏ်ရာ သက်သာခြင်း မရှိသေးသောကြောင့် နောက်ထပ် ခြောက်ပတ်ခန့်အထိ ထပ်မံအနားယူရဦးမည်ဖြစ်သည်။

အဆိုပါ ကွင်းလယ်တိုက်စစ်ကစားသမားသည် ယခုလအစောပိုင်း နိုင်ငံတကာ ရက်သတ္တပတ်မတိုင်မီကတည်းက အနားယူခဲ့ရပြီး လာမည့် နိုဝင်ဘာလတွင် ကြံ့ခိုင်မှုပြည့်ဝစွာနဲ့ ကစားနိုင်ရန် မျှော်လင့်ခဲ့သော်လည်း လက်ရှိအချိန်ထိ သက်သာလာခြင်းမရှိသောကြောင့် နောက်ထပ် ခြောက်ပတ်ခန့်ထိ ထပ်မံအနားယူရမည်ဖြစ်သည်။

ကွင်းလယ်တိုက်စစ်ကစားသမား ကိုးလ်ပါလ်မာသည် ဒဏ်ရာမှ သက်သာလာခြင်းမရှိသေးသဖြင့် ချဲလ်ဆီးအသင်းအတွက် ကြီးမားသည့် ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။

အသက်(၂၃)နှစ်အရွယ်ရှိ ကိုးလ်ပါလ်မာသည် ချဲလ်ဆီးအသင်းနှင့်အတူ ၂၀၂၃-၂၀၂၄ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၀၁ ပွဲကစားကာ ၄၅ ဂိုးအထိ သွင်းယူထားသည်။ **(အောက်ပုံ)**

**(NGB)**



## ဒီမယ်လိုကို ခေါ်ယူရန် မန်စီးတီးအသင်း စိတ်ဝင်စား

**လန်ဒန် အောက်တိုဘာ ၁၈**

မန်စီးတီးအသင်းသည် ဘရာဇီးဟာလန်းဟု တင်စားခံထားရသည့် ဘာဟီယာအသင်း တိုက်စစ်မှူး ဒီမယ်လိုကို ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

အသက်(၁၇)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် အနာဂတ်တွင် ထွန်းတောက်လာမည့် ကစားသမားတစ်ဦးဟု သတ်မှတ်ခြင်းခံထားရသည့်အပြင်၊ ဘာဟီယာအသင်းနှင့်အတူ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် မန်စီးတီးအသင်းက ခေါ်ယူရန် စိတ်ဝင်စားလာခြင်းဖြစ်သည်။

ဘရာဇီးကလပ် ဘာဟီယာအသင်းကလည်း ဒီမယ်လိုအတွက် မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ် ရရှိပါက မည်သည့်အသင်းကိုမဆို ရောင်းချသွားမည်ဖြစ်သည်။

ထို့ကြောင့် မန်စီးတီးအသင်းအနေဖြင့် လာမည့် ဆောင်းရာသီ ဈေးကွက်အတွင်းတွင် ဘာဟီယာအသင်းထံမှ ဒီမယ်လိုကို ခေါ်ယူနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ **(အောက်ပုံ)**

**(NGB)**



## 2025 BNP Paribas Nordic Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်သို့ Holger Rune တက်ရောက်

**လန်ဒန် အောက်တိုဘာ ၁၈**

ဆွီဒင်နိုင်ငံတွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသားတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 BNP Paribas Nordic Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်သို့ ဒိန်းမတ်တင်းနစ်ကစားသမား Holger Rune တက်ရောက်ခဲ့သည်။



အဆိုပါ ဒိန်းမတ်တင်းနစ်ကစားသမား Holger Rune သည် 2025 BNP Paribas Nordic Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် အာဂျင်တီးနားတင်းနစ်ကစားသမား Tomas Martin Etcheverry ကို ၆-၇၊ ၆-၃၊ ၆-၄ ဖြင့် အနိုင်ရရှိကာ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့သည်။

2025 BNP Paribas Nordic Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် ဒိန်းမတ်တင်းနစ်ကစားသမား Holger Rune နှင့် ပြင်သစ်တင်းနစ်ကစားသမား Ugo Humbert တို့ ယှဉ်ပြိုင်ကစားသွားမည် ဖြစ်သည်။ **(ဝဲပုံ)(NGB)**

## ဘာကိုလာကို စာချုပ်သက်တမ်းတိုးရန် ပီအက်စ်ဂျီအသင်းစီစဉ်

**ပါရီ အောက်တိုဘာ ၁၈**

ပီအက်စ်ဂျီအသင်းသည် အသင်းတိုက်စစ်မှူး ဘာကိုလာကို စာချုပ်သက်တမ်းတိုးရန် စီစဉ်လျက်ရှိသည်။

အသက်(၂၃)နှစ်အရွယ်ရှိ တိုက်စစ်မှူးကို လက်ရှိအချိန်တွင် ဥရောပကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားနေခြင်းကြောင့် ပီအက်စ်ဂျီအသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုရန် စီစဉ်လာခြင်းဖြစ်သည်။

တိုက်စစ်မှူး ဘာကိုလာသည် ပီအက်စ်ဂျီအသင်းနှင့်အတူ ၂၀၂၃-၂၀၂၄ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၁၃ ပွဲကစားပြီး ဂိုး ၃၀ အထိ သွင်းယူထားသည်။



ပီအက်စ်ဂျီအသင်းထုတ်ပြန်ချက်တွင် "ဘာကိုလာကို စာချုပ်သက်တမ်းတိုးရန် စီစဉ်နေပါပြီ။ သူဟာအသင်းအတွက် ကစားသမားကောင်းတစ်ယောက်ပါ။ သူကိုယ်တိုင်ကလည်း အသင်းမှာ ပျော်ရွှင်နေပါတယ်။ စာချုပ်ကိစ္စလည်း မကြာမီရက်ပိုင်းအတွင်း အပြီးသတ်နိုင်တော့မှာပါ"ဟု ထုတ်ပြန်ထားသည်။ **(ဝဲပုံ)**

**(NGB)**

### အင်္ဂလိပ် ပရီမီးယားလိဂ် ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၈) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဝေးရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၁၉-၁၀-၂၀၂၅ | (၃)စပါး - ဗီလာ(၁၃) | စပါး ၄-၁ ဗီလာ | စပါး(အိမ်) | ၃ | ၁ | ၁ | ၁ | ၄ | ၂ |
| ညဂျး၃၀နာရီ | (L,W,D,D,W) (L,D,D,W,W) | ဗီလာ ၂-၀ စပါး | ဗီလာ(ဝေး) | ၃ | - | ၂ | ၁ | ၁ | ၂ |
| ၁၉-၁၀-၂၀၂၅ | (၂)လီဗာပူး - မန်ယူ(၁၀) | လီဗာပူး ၂-၂ မန်ယူ | လီဗာပူး(အိမ်) | ၃ | ၃ | - | - | ၇ | ၃ |
| ည ၁၀း၀၀ နာရီ | (W,W,W,L,L) (W,L,W,L,W) | မန်ယူ ၀-၃ လီဗာပူး | မန်ယူ(ဝေး) | ၃ | - | ၁ | ၂ | ၂ | ၇ |

### ပြင်သစ် လီဂူး ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၈) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဝေးရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၁၉-၁၀-၂၀၂၅ | (၆)လန်းစ် - ပါရီ(၈) | လန်းစ် ၂-၁ ပါရီ | လန်းစ်(အိမ်) | ၃ | ၂ | - | ၁ | ၆ | ၂ |
| ည ၇း၃၀ နာရီ | (W,L,W,D,W) (W,W,L,D,W) | ပါရီ ၀-၂ လန်းစ် | ပါရီ(ဝေး) | ၄ | ၁ | ၁ | ၂ | ၅ | ၈ |
| ၁၉-၁၀-၂၀၂၅ | (၁၃)လိုရီယန့် - ဘရက်(၁၁) | လိုရီယန့် ၀-၁ ဘရက် | လိုရီယန့်(အိမ်) | ၃ | ၂ | - | ၁ | ၈ | ၈ |
| ည ၉း၄၅ နာရီ | (L,L,D,W,L) (L,L,W,W,D) | ဘရက် ၄-၀ လိုရီယန့် | ဘရက်(ဝေး) | ၃ | ၁ | - | ၂ | ၃ | ၅ |
| ။ | (၁၀)ရင်းနက်စ် - အော်ဇေး(၁၆) | ရင်းနက်စ် ၀-၁ အော်ဇေး | ရင်းနက်စ်(အိမ်) | ၃ | ၂ | ၁ | - | ၄ | ၁ |
| | (D,W,D,D,D) (L,L,W,L,L) | အော်ဇေး ၄-၀ ရင်းနက်စ် | အော်ဇေး(ဝေး) | ၃ | - | - | ၃ | ၁ | ၆ |
| ။ | (၉)တူးလော့ - မက်ဇ်(၁၈) | တူးလော့ ၃-၀ မက်ဇ် | တူးလော့(အိမ်) | ၃ | ၁ | ၁ | ၁ | ၇ | ၈ |
| | (L,L,L,D,W) (L,D,L,D,L) | မက်ဇ် ၀-၁ တူးလော့ | မက်ဇ်(ဝေး) | ၃ | - | - | ၃ | ၄ | ၁၁ |
| ၂၀-၁၀-၂၀၂၅ | (၁၅)နန့်တက်စ် - လိုင်လီ(၇) | နန့်တက်စ် ၁-၀ လိုင်လီ | နန့်တက်စ်(အိမ်) | ၃ | ၁ | ၁ | ၁ | ၃ | ၃ |
| နံနက်၀၁း၁၅နာရီ | (W,L,D,D,D) (W,W,L,L,D) | လိုင်လီ ၁-၁ နန့်တက်စ် | လိုင်လီ(ဝေး) | ၃ | ၁ | ၁ | ၁ | ၁၀ | ၇ |

### အီတလီ စီးရီးအေ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၇) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဝေးရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၁၉-၁၀-၂၀၂၅ | (၈)ကိုမို - ဂျူဗင်တပ်(၅) | ကိုမို ၁-၂ ဂျူဗင်တပ် | ကိုမို(အိမ်) | ၃ | ၁ | ၂ | - | ၄ | ၂ |
| ညနေ ၅း၀၀ နာရီ | (L,D,W,D,D) (W,W,D,D,D) | ဂျူဗင်တပ် ၃-၀ ကိုမို | ဂျူဗင်တပ်(ဝေး) | ၂ | ၁ | ၁ | - | ၂ | ၁ |
| ၁၉-၁၀-၂၀၂၅ | (၁၁)ကယ်ဂလီယာရီ - ဘိုလော့ညာ(၇) | ကယ်ဂလီယာရီ ၀-၂ ဘိုလော့ညာ | ကယ်ဂလီယာရီ(အိမ်) | ၃ | ၁ | ၁ | ၁ | ၃ | ၃ |
| ည ၇း၃၀ နာရီ | (L,W,W,L,D) (W,L,W,D,W) | ဘိုလော့ညာ ၂-၁ ကယ်ဂလီယာရီ | ဘိုလော့ညာ(ဝေး) | ၃ | - | ၁ | ၂ | ၂ | ၄ |
| ။ | (၁၉)ဂျီနိုအာ - ပါးမား(၁၄) | ဂျီနိုအာ ၁-၀ ပါးမား | ဂျီနိုအာ(အိမ်) | ၃ | - | ၁ | ၂ | - | ၄ |
| | (L,D,L,L,L) (D,L,D,W,L) | ပါးမား ၀-၁ ဂျီနိုအာ | ပါးမား(ဝေး) | ၃ | - | ၁ | ၂ | - | ၄ |
| ၁၉-၁၀-၂၀၂၅ | (၆)အတ္တလန္တာ - လာဇီယို(၁၃) | အတ္တလန္တာ ၀-၁ လာဇီယို | အတ္တလန္တာ(အိမ်) | ၃ | ၁ | ၂ | - | ၆ | ၃ |
| ည ၁၀း၃၀ နာရီ | (D,W,W,D,D) (W,L,L,W,D) | လာဇီယို ၁-၁ အတ္တလန္တာ | လာဇီယို(ဝေး) | ၃ | ၁ | - | ၂ | ၃ | ၃ |
| ၂၀-၁၀-၂၀၂၅ | (၃)အေစီမီလန် - ဖီအိုရင်တီးနား(၁၇) | အေစီမီလန် ၂-၂ ဖီအိုရင်တီးနား | အေစီမီလန်(အိမ်) | ၃ | ၂ | - | ၁ | ၄ | ၃ |
| နံနက်၀၁း၁၅နာရီ | (W,W,W,W,D) (D,L,L,D,L) | ဖီအိုရင်တီးနား ၂-၁ အေစီမီလန် | ဖီအိုရင်တီးနား(ဝေး) | ၃ | - | ၃ | - | ၁ | ၁ |

### ဂျာမန် ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၇) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဝေးရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၁၉-၁၀-၂၀၂၅ | (၈)ဖရိုင်းဘတ် - ဖရန့်ဖတ်(၇) | ဖရိုင်းဘတ် ၁-၃ ဖရန့်ဖတ် | ဖရိုင်းဘတ်(အိမ်) | ၃ | ၁ | ၁ | ၁ | ၅ | ၅ |
| ည ၈း၀၀ နာရီ | (L,W,W,D,D) (W,L,L,W,L) | ဖရန့်ဖတ် ၄-၁ ဖရိုင်းဘတ် | ဖရန့်ဖတ်(ဝေး) | ၃ | ၂ | - | ၁ | ၁၀ | ၈ |
| ၁၉-၁၀-၂၀၂၅ | (၁၀)စိန့်ပေါ်လီ - ဟော့ဖ်ဟိမ်း(၁၁) | စိန့်ပေါ်လီ ၁-၀ ဟော့ဖ်ဟိမ်း | စိန့်ပေါ်လီ(အိမ်) | ၃ | ၁ | ၁ | ၁ | ၆ | ၆ |
| ည ၁၀း၀၀ နာရီ | (W,W,L,L,L) (L,W,L,D,L) | ဟော့ဖ်ဟိမ်း ၀-၂ စိန့်ပေါ်လီ | ဟော့ဖ်ဟိမ်း(ဝေး) | ၃ | ၂ | ၁ | - | ၇ | ၄ |

### စပိန် လာလီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၉) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဝေးရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၁၉-၁၀-၂၀၂၅ | (၇)အယ်လ်ချီ - ဘီလ်ဘာအို | အယ်လ်ချီ ၁-၄ ဘီလ်ဘာအို | အယ်လ်ချီ(အိမ်) | ၄ | ၃ | ၁ | - | ၆ | ၂ |
| ည ၆း၃၀ နာရီ | (D,W,D,W,L) (L,L,D,L,W) | ဘီလ်ဘာအို ၀-၁ အယ်လ်ချီ | ဘီလ်ဘာအို(ဝေး) | ၃ | ၁ | - | ၂ | ၂ | ၄ |
| ၁၉-၁၀-၂၀၂၅ | (၁၆)ဆဲလ်တာဗီဂို - ဆိုစီဒက်(၁၉) | ဆဲလ်တာဗီဂို ၂-၀ ဆိုစီဒက် | ဆဲလ်တာဗီဂို(အိမ်) | ၅ | - | ၄ | ၁ | ၄ | ၆ |
| ည ၈း၄၅ နာရီ | (D,D,D,L,D) (L,L,W,L,L) | ဆိုစီဒက် ၀-၁ ဆဲလ်တာဗီဂို | ဆိုစီဒက်(ဝေး) | ၄ | - | ၁ | ၃ | ၃ | ၇ |
| ၁၉-၁၀-၂၀၂၅ | (၁၃)လီဗန်တေး - ဗယ်လက်ကာနို(၁၄) | လီဗန်တေး ၁-၁ ဗယ်လက်ကာနို | လီဗန်တေး(အိမ်) | ၃ | - | ၁ | ၂ | ၅ | ၉ |
| ည ၁၁း၀၀ နာရီ | (D,W,L,D,W) (L,D,L,L,W) | ဗယ်လက်ကာနို ၂-၄ လီဗန်တေး | ဗယ်လက်ကာနို(ဝေး) | ၅ | ၂ | - | ၃ | ၆ | ၇ |
| ၂၀-၁၀-၂၀၂၅ | (၁၁)ဂီတာဖေး - ဖိုင်ရာလ်မက်ဒရစ်(၁) | ဂီတာဖေး ၀-၁ ဖိုင်ရာလ်မက်ဒရစ် | ဂီတာဖေး(အိမ်) | ၃ | ၁ | ၂ | - | ၄ | ၂ |
| နံနက်၀၁း၃၀နာရီ | (W,L,D,D,L) (W,W,W,L,W) | ဖိုင်ရာလ်မက်ဒရစ် ၂-၀ ဂီတာဖေး | ဖိုင်ရာလ်မက်ဒရစ်(ဝေး) | ၄ | ၃ | - | ၁ | ၁၁ | ၇ |

### မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၆) နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ်/(နောက်ဆုံး ငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၁၉-၁၀-၂၀၂၅ | ညနေ ၃း၃၀ နာရီ | (၇) ရှေ့ဝတီ - ဟံသာဝတီ (၂) | ရှေ့ဝတီ ၀-၁ ဟံသာဝတီ |
| တနင်္ဂနွေနေ့ | | (W,W,L,L,W) (W,D,W,W,D) | ဟံသာဝတီ ၀-၂ ရှေ့ဝတီ |
| ။ | ညနေ ၄း၀၀ နာရီ | (၁၀) ဒဂုံ - ရန်ကုန်(၁) | ဒဂုံ ၁-၆ ရန်ကုန် |
| | | (W,L,L,L,D) (W,W,W,L,W) | ရန်ကုန် ၅-၁ ဒဂုံ |

## မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် ကျောက်ဆည်မြို့ ကုလားကျောင်းကျေးရွာ အခြေခံပညာမူလတန်း(လွန်)ကျောင်း တစ်ထပ်စာသင်ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်






**မန္တလေး အောက်တိုဘာ ၁၈**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်၊ ကုလားကျောင်းကျေးရွာရှိ အခြေခံပညာမူလတန်း(လွန်)ကျောင်း စာသင်ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းက ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်မိုးထွန်း၊ ကြံ့နှစ်ကောင်ဖောင်ဒေးရှင်းမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့၊ တိုင်းဒေသကြီးပညာရေးမှူးရုံး ဒုတိယညွှန်ကြားရေးမှူး ချုပ်နှင့် ကြံ့နှစ်ကောင်ဖောင်ဒေးရှင်းမှ တာဝန်ရှိသူများက စာသင်ကျောင်းဆောင်သစ်အား ဖဲကြိုးဖြတ် ဖွင့်လှစ်ပေး၍ ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးပြီးနောက် အသစ်ဆောက်လုပ် လှူဒါန်းထားသည့် ကျောင်းဆောင်သစ်စာသင်ခန်းများကို လိုက်လံကြည့်ရှုခဲ့သည်။

အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် မန္တလေးငလျင်ကြီး ကြောင့် ထိခိုက်ပျက်စီးပြိုကျခဲ့မှုများတွင် အခြေခံပညာကျောင်းများမှ စာသင်ကျောင်းဆောင်များလည်း ပါဝင်ခဲ့ပါကြောင်း၊ စာသင်ကျောင်းဆောင်များ ပြန်လည်တည်ဆောက်ခြင်း၊ မွမ်းမံပြင်ဆင်ခြင်းများကို အားလုံးဝိုင်းဝန်းပူးပေါင်း၍ အလေးထားကာ ဆောင်ရွက်နေပါကြောင်း၊ ယခုလို စာသင်ကျောင်းဆောင်များ တည်ဆောက် လှူဒါန်းပေးခြင်းနှင့် သင်ထောက်ကူပစ္စည်းများကို ဖြည့်တင်းပေးခြင်းဖြင့် ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးတွင် တစ်ဖက်တစ်လမ်းမှကူညီအားဖြည့် ဆောင်ရွက်ပေးခြင်းဖြစ်ပါကြောင်း၊ အဆောက် အအုံများနှင့် သင်ထောက်ကူပစ္စည်းများ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် အားလုံးဝိုင်းဝန်းထိန်းသိမ်း သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

၎င်းနောက် ကြံ့နှစ်ကောင်ဖောင်ဒေးရှင်းမှ တာဝန်ရှိသူက မန္တလေးငလျင်ကြီးကြောင့် ပြိုကျပျက်စီးခဲ့ သည့် အခြေခံပညာကျောင်းများအနက် မန္တလေးတိုင်းဒေသကြီးအတွင်း ကျောက်ဆည်၊ သာစည်၊ ပျော်ဘွယ်၊ ရမည်းသင်းမြို့နယ်လေးနေရာ၌ ပေ၁၂၀ x ပေ၃၀ x ၁၂ပေလေးခန်းတွဲ တစ်ထပ်ကျောင်းဆောင်များ ဆောက်လုပ်လှူဒါန်းခြင်းဖြစ်ပြီး စာသင်ခန်းသုံးစားပွဲ၊ ကုလားထိုင်၊ ရေ၊ မီး၊ သန့်စင်ခန်း၊ စက်ရေတွင်းများပါ ထည့်သွင်းတည်ဆောက်လှူဒါန်းရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြား၍ ကျောက်ဆည်ခရိုင် ပညာရေးမှူးက စာသင်ကျောင်းဆောင်သစ် ဆောက်လုပ်လှူဒါန်းလွှဲပြောင်းပေးအပ်သည့်အပေါ် ကျေးဇူးတင်စကားနှင့် ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားနေမှု အခြေအနေများကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က ကြံ့နှစ်ကောင်ဖောင်ဒေးရှင်းမှ တာဝန်ရှိသူထံ ဂုဏ်ပြု အမှတ်တရလက်ဆောင်ပေးအပ်ပြီး ကြံ့နှစ်ကောင်ဖောင်ဒေးရှင်းမှ တာဝန်ရှိသူက ခရိုင်ပညာရေးမှူးထံကို စာသင်ကျောင်းဆောင်သစ်နှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်ခဲ့သည်။

၎င်းနောက် ကျောင်းသား၊ ကျောင်းသူများ၏ ကပြဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်တာဝန်ရှိသူတို့က ကပြဖျော်ဖြေခဲ့ကြသည့်အဖွဲ့အား ဂုဏ်ပြုငွေများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

၀-၀-၀-၀-၀

## မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် ပညာရေးဒီဂရီကောလိပ်ပေါင်းစုံ မန္တလေးဇုန်(ဇုန်-၁) အားကစားပြိုင်ပွဲ ဘောလုံး(အမျိုးသား) ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်

**မန္တလေး အောက်တိုဘာ ၁၈**

ပညာရေးဝန်ကြီးဌာန၊ ဆရာအတတ်ပညာဦးစီးဌာန၊ ပညာရေးဒီဂရီကောလိပ်ပေါင်းစုံ မန္တလေးဇုန်(ဇုန်-၁)အားကစားပြိုင်ပွဲ ဘောလုံး(အမျိုးသား)ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ညနေပိုင်းက အောင်မြေသာစံမြို့နယ်ရှိ အောင်မြေမန္တလာအားကစားကွင်းတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရ အဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ အထက်မြန်မာပြည်ရှိ ပညာရေးဒီဂရီကောလိပ်(၉)ခုမှ ကျောင်းအုပ်ကြီးများ၊ ပြိုင်ပွဲဝင်ကျောင်းသား၊ ကျောင်းသူအားကစားသမားများနှင့် အားကစားဝါသနာရှင် များ တက်ရောက်ကြပြီး မကွေးပညာရေးဒီဂရီကောလိပ်အသင်းနှင့် မိတ္ထီလာပညာရေး ဒီဂရီကောလိပ် အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးရာ မကွေးပညာရေးဒီဂရီကောလိပ်အသင်းက တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲခဲ့သည်။

၎င်းနောက် ဆုချီးမြှင့်ခြင်း အခမ်းအနားကို ဆက်လက်ကျင်းပရာ ပညာရေးဒီဂရီကောလိပ်ပေါင်းစုံ မန္တလေးဇုန်(ဇုန်-၁)အားကစားပြိုင်ပွဲတွင် ပြိုင်ပွဲဝင် အားကစားအသင်းများအတွက် အားကစားပစ္စည်းများ ထောက်ပံ့ပေးခဲ့သည့် တိုင်းဒေသကြီးအားကစားနှင့် ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးနှင့် ဘောလုံးပြိုင်ပွဲတွင် ဒိုင်အဖြစ်ဆောင်ရွက်ပေးခဲ့သည့် တိုင်းဒေသကြီးဘောလုံးဒိုင်ဆပ်ကော်မတီတို့အား မန္တလေးပညာရေးဒီဂရီကောလိပ်မှ ကျောင်းအုပ် ဆရာမကြီးက ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများက ပွဲစဉ်တစ်လျှောက် အကောင်းဆုံး အားကစားသမားဆု၊ ရှေ့တန်း၊ အလယ်တန်း၊ နောက်တန်းနှင့် ဂိုးသမားအကောင်းဆုံးဆုရ အားကစားသမားများအား ဆုတံဆိပ်နှင့် ငွေသားဆု၊ တတိယဆုနှင့် ဒုတိယဆုရရှိသည့်အသင်းတို့အား



တစ်ဦးချင်း ဆုတံဆိပ်များနှင့် ငွေသားဆုများကိုလည်းကောင်း၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်က ပထမဆုရရှိသည့် မကွေးပညာရေးဒီဂရီကောလိပ်အသင်းအား တစ်ဦးချင်း ဆုတံဆိပ် များနှင့် ငွေသားဆုများကိုလည်းကောင်း ချီးမြှင့်ပေးခဲ့သည်။

၎င်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ပထမဆုရရှိသည့် မကွေးပညာရေးဒီဂရီကောလိပ် အသင်းအား တံခွန်စိုက်ဆုဖလားနှင့် ငွေသားဆုကို ချီးမြှင့်ခဲ့ပြီး ဆုရအသင်းများနှင့် မှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ကူးခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

# အမရပူရမြို့နယ်ရှိ ရွှေဟောင်းသမိုင်းဝင် သံသေကပ်ကျော်ဆုတောင်းပြည့်မြတ်စွာဘုရားသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် သွားရောက်ဖူးမြော်ကြည်ညို







**မန္တလေး အောက်တိုဘာ ၁၈**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ လိုက်ပါပြီး ယနေ့ နံနက်ပိုင်းက အမရပူရမြို့နယ်ရှိ ရွှေဟောင်းသမိုင်းဝင် သံသေကပ်ကျော်ဆုတောင်းပြည့် မြတ်စွာဘုရားသို့ သွားရောက်ဖူးမြော်ခဲ့သည်။

အဆိုပါဘုရားသို့ ရောက်ရှိစဉ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးသွားသည့် သံသေကပ်ကျော် ရုပ်ပွားတော်မြတ်ကြီး စံမြန်းတော်မူသော စံကျောင်းဂန္ဓကုဋိတိုက် လိုဏ်စေတီတော်ကြီး၊ စေတီအပေါ်ပိုင်းတစ်ခုလုံးနှင့် ဂန္ဓကုဋိတိုက် အောက်ပိုင်းတို့အား အကြီးစားပြုပြင်မွမ်းမံခြင်း လုပ်ငန်းများကို ရှေးမူလက်ရာအတိုင်း အမြန်ဆုံးဆောင်ရွက်သွားမည့် အခြေအနေများ၊ ဘုရားပရဝဏ် အတွင်းအပြင် သန့်ရှင်းသပ်ရပ်ရေး၊ အမြင်တင့်တယ်စေရေး၊ ဘုရားဖူးများ စိတ်ချမ်းမြေ့စွာ ဖူးမြော်ကြည်ညိုနိုင်ရေး၊ အဝင်အထွက်လမ်းများ သွားလာမှု ချောမွေ့စေရေး ဆောင်ရွက်မည့် အစီအမံများနှင့် စပ်လျဉ်း၍ တာဝန်ရှိသူများအား မှာကြားပြီး ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

## မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေး



**မန္တလေး အောက်တိုဘာ ၁၈**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ ဥပုသ်တော်ရပ်ကွက်၊ အဘယာရာမ မိုးထိကျောင်းရှိ သံဃာတော်အရှင်သူမြတ်များနှင့် ဒေသခံပြည်သူများအား ယနေ့ နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်မြေခံဆေးကုသရေးအဖွဲ့များက သွားရောက်၍ အဆိုပါကျောင်းရှိ ဓမ္မာရုံ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် တိုင်းစစ်ဌာနချုပ်၊ နယ်မြေခံဆေးကုသရေးအဖွဲ့က သံဃာတော်(၂၉)ပါး၊ သီလရှင်(၁၆)ပါး၊ ဒေသခံပြည်သူ(၁၇၁)ဦး၊ စုစုပေါင်း(၂၁၆)ဦးတို့အား သွေးတိုးရောဂါ၊ အဆစ်အမြစ်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ မီးယပ်ရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့်ဆေးဝါးကုသမှုကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးပြီး ကျန်းမာရေးဆိုင်ရာ အသိပညာပေးခြင်းများ ဟောပြောဆွေးနွေးကာ ဆေးရုံတက်ရောက် ကုသရန် လိုအပ်သည့်လူနာများအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ဆေးကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့သည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် မန္တလေးတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(ယာပုံ) (ဝ၃၈)**

## မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများ ထုတ်ချေး

**ကျောက်ဆည် အောက်တိုဘာ ၁၈**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်၊ ရွာသစ်ကျေးရွာ၌ ကျေးလက်နေ ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိပြီး မိသားစုဝင်ငွေများ တိုးပွားလာစေရန်နှင့် တိုးပွားလာသော ရန်ပုံငွေများဖြင့် ကျေးရွာအတွက် အမှန်တကယ် လိုအပ်သည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ကိုင်နိုင်စေရန် ရည်ရွယ်၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ယနေ့ နံနက်ပိုင်းက (ဒသမ)အကြိမ် မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရန်ပုံငွေများ ထုတ်ချေးပေးခဲ့သည်။

ကျေးရွာမြစိမ်းရောင် စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များမှ ကျေးရွာအတွင်းရှိ စိုက်ပျိုးရေးလုပ်ကိုင်သူ(၅၅)ဦး၊ မွေးမြူရေးလုပ်ကိုင်သူ(၇၂)ဦး၊ အရောင်းအဝယ်လုပ်ကိုင်သူ (၁၀)ဦး၊ စုစုပေါင်း(၁၃၇)ဦးအား စီမံကိန်းရန်ပုံငွေများကို လက်ဝယ်အရောက် ပေးအပ်ခဲ့ကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

## စာဖတ်ရိုန်မြင့်တင်ရေးလှုပ်ရှားမှု စာစီစာကုံးပြိုင်ပွဲနှင့် စကားဝိုင်းဆွေးနွေးပွဲ ကျင်းပ

**မြို့သစ် အောက်တိုဘာ ၁၈**

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်တွင် ကျောင်းသား၊ ကျောင်းသူများ ဗဟုသုတ(ဗလငါးတန်)ဖွံ့ဖြိုးတိုးတက်စေရန်၊ စာပေလေ့လာဖတ်ရှုခြင်းမှ ရရှိသောအသိပညာများ ပြန်လည်မျှဝေနိုင်စေရန်နှင့် လူငယ်များ၏ စွမ်းရည်ပိုမိုတိုးတက်မြင့်မားစေရန် ရည်ရွယ်၍ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကြီးမှူးကျင်းပသော ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရိုန်မြှင့်တင်ရေး အကြိုလှုပ်ရှားမှုအဖြစ် စာစီစာကုံးပြိုင်ပွဲနှင့် အမြဲမပြတ်လေ့လာသင်ယူရေးစကားဝိုင်း (Never Stop Learning Talk Show)ကို အောက်တိုဘာ ၁၆ ရက် နံနက်ပိုင်းက အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။ **(ယာပုံ)**

စာစီစာကုံးပြိုင်ပွဲတွင် မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ အလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူ (၃၀)ဦးက "ကျောင်းစာကြည့်တိုက်ဖွံ့ဖြိုးမှုမှသည် အနာဂတ်လူငယ်တို့၏ဘဝကို မြှင့်တင်ကြပါစို့" ခေါင်းစဉ်ဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး အမြဲမပြတ်လေ့လာသင်ယူရေးစကားဝိုင်း(Never Stop Learning Talk Show)တွင် စာရေးဆရာ တက္ကသိုလ်ဘုန်းနိုင် ရေးသားသည့် (သူ့ကျွန်မခံပြီ) စာအုပ်အား မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဒုတိယဦးစီးမှူး ဒေါ်မြင့်မြင့်ထွေးက ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ကာ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းတို့မှ အထက်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူ(၄)ဦးက ပါဝင်ဆွေးနွေးခဲ့ကြပြီး တက်ရောက်လာသည့်ကျောင်းသား၊ ကျောင်းသူများ၏ မေးမြန်းချက်များကို ပြန်လည်ဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါစာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူများနှင့် စကားဝိုင်းဆွေးနွေးပွဲတွင် ပါဝင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများအား အောက်တိုဘာ ၂၁ ရက်တွင် ကျင်းပပြုလုပ်မည့် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရိုန်မြှင့်တင်ရေး လှုပ်ရှားမှုအခမ်းအနားတွင် တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာနှင့်ဂုဏ်ပြုဆုများ အသီးသီးချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(ဝင်းအိစွန်-ပြန်/ဆက်)**



# သီကုံးပန်ဆင် ကဗျာဗုဒ္ဓဝင်

**သွယ်အောင်**

ကျွန်တော်ငယ်စဉ် ခြောက်တန်း၊ ခုနစ်တန်းကျောင်းသားဘဝက အဘိုးဖြစ်သူ နိပါတ်ပန်းချီဆရာကြီး ဦးစံမြထံ ပန်းချီပညာလေ့လာသင်ယူခဲ့ရဖူးသည်။ အဘိုးဖြစ်သူ ပန်းချီဆရာကြီး ဦးစံမြသည် နိပါတ်ပန်းချီဆရာဖြစ်၍ ရေးဆွဲသော ပန်းချီကားများမှ ဗုဒ္ဓဝင်ပန်းချီကားများ၊ ငါးရာ့ငါးဆယ်ဇာတ်တော်လာ ပန်းချီကားများ၊ ကောသလမင်းကြီး၏ အိပ်မက် (၁၆) ချက်၊ အောင်ခြင်းရှစ်ပါးအစရှိသည့် မြန်မာ့ရှေးရိုးပန်းချီများသာ ဖြစ်သည်။

နွေရာသီကျောင်းပိတ်ရက်ရောက်တိုင်း အဘိုးဦးစံမြအိမ်သို့ ရောက်ကာ အဘိုးရေးဆွဲသော နိပါတ်ပန်းချီကားများကိုကြည့်ကာ ပုံဆွဲစက္ကူပေါ်တွင် ရေဆေးဖြင့် ရေးဆွဲရလေသည်။

ထို့ကြောင့် ဗုဒ္ဓဖြစ်တော်စဉ်သမိုင်းနှင့်ပတ်သက်ပြီး အဘိုး၏နိပါတ်ပန်းချီကားများကြောင့် ငယ်စဉ်ကတည်းက ရင်းနှီးကျွမ်းဝင်ရှိနေသည်ဟု ဆိုရပေမည်။ အသက်အရွယ်ရလာပြီး အထက်တန်းကျောင်းသားဘဝ၊ တက္ကသိုလ်ကျောင်းသားဘဝရောက်သောအခါမှသာ၊ ဗုဒ္ဓဖြစ်တော်စဉ်သမိုင်းနှင့်ပတ်သက်ပြီး စာအုပ်အတော်များများကို မြင်ဖူး၊ ဖတ်ဖူးတော့သည်။


မင်းကွန်းတိပိဋကဆရာတော်ကြီး အရှင်ဝိစိတ္တသာရာဘိဝံသ၏ မဟာဗုဒ္ဓဝင်၊ ဘဒ္ဒန္တသီဟဗလ၏ ဂေါတမ၏ဗုဒ္ဓဝင်အကျဉ်း၊ ဝေမိုး(ကျွန်းလှ)၏ မဟာဗုဒ္ဓဝင်အနှစ်ချုပ်၊ အရှင်ဇနကာဘိဝံသ၏ ပုံတော်စုံဗုဒ္ဓဝင်၊ ဝဏ္ဏသီရိ၏ ညီတော် အာနန္ဒာ၏ တစ်သက်တာမှတ်တမ်း၊ မင်းယုဝေ၏ ဗုဒ္ဓဝင်ရုပ်စုံအစရှိသည့် စာအုပ်များဖြစ်သည်။


ဗုဒ္ဓဝင်စာအုပ်များမှာ စကားပြေများသာဖြစ်သည်။ ကဗျာလင်္ကာဖြင့် ရေးသားပြုစုထုတ်ဝေသောစာအုပ် မရှိခဲ့ပါ။ သို့သော် ၂၀၂၄ ခုနှစ် နိုဝင်ဘာလတွင် မဲခေါင်စာပေဆုရ ဆရာကြီး နေမင်းသန်း၏ 'သီကုံးပန်ဆင် ကဗျာဗုဒ္ဓဝင်' (မြန်မာ-အင်္ဂလန်နှစ်ဘာသာ)စာအုပ်ထွက်ရှိလာခဲ့သည်။ ထိုစာအုပ်ကို ဓမ္မဒါနအဖြစ် လက်ဆောင်ရရှိသောကြောင့် ကဗျာလင်္ကာဖြင့် ရေးသော ဗုဒ္ဓဝင်စာအုပ် ဦးစွာ ဖတ်ရှုခဲ့ရလေသည်။

စာအုပ်မှာ သေသပ်ခံ့ညားပြီး မျက်နှာဖုံး၊ ကျောဖုံးပါ ပန်းချီဒီဇိုင်းဖြင့် ကတ်ထူစက္ကူပုံးတွင် ထည့်ကာ စာပေမိတ်ဆွေများ၊ စာကြည့်တိုက်များသို့ မေတ္တာဖြင့် ဓမ္မဒါနဝေငှသောစာအုပ်ဖြစ်သည်။ ပါမောက္ခဒေါက်တာဇော်ထွန်း၏အင်္ဂလိပ်ဘာသာပြန်ဆိုချက်ဖြင့် မြန်မာဘာသာတစ်လှည့်၊ အင်္ဂလိပ်ဘာသာတစ်လှည့် မျက်နှာချင်းဆိုင်ယှဉ်၍ ဖတ်ရှုရသည်မှာ ထူးခြားလှပေသည်။

တစ်နေ့က ဆရာ ဦးစမ်းကြိုင်(ဆရာအိမ်တင်အေး-ပုလဲ)မှ ကျွန်တော်နှင့် ကျွန်တော့်ဇနီး ဖတ်ရှုဖို့ ကဗျာစာအုပ် နှစ်အုပ်လက်ဆောင်ပေးပါသည်။ ဆရာအိမ်တင်အေး ပေးသည့်စာအုပ် ဆရာကြီးနေမင်းသန်း၏ (မြန်မာဘာသာသီးသန့်)ဖြင့် ပြန်လည်ထွက်ရှိလာသည့် 'သီကုံးပန်ဆင် ကဗျာဗုဒ္ဓဝင်' စာအုပ် ဖြစ်နေသည်။

စာအုပ်မှာ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လတွင် ချင်းတွင်းဂုဏ်ရည်စာပေမှ ထွက်ရှိခဲ့ပြီး မျက်နှာဖုံး ပန်းချီဒီဇိုင်း ပန်းချီခင်မောင်ညိုနှင့် စာအုပ်အပြင်အဆင် ကိုတူး(ရွှေရတီကွန်ပျူတာ)တို့ လက်ရာ




ဖြစ်သည်။ ရန်ကုန်မြို့ ဘိုးသိကြားပုံနှိပ်တိုက်မှ အုပ်ရေ ၁၀၀၀ ရိုက်နှိပ်ထုတ်ဝေသည်။ စာမျက်နှာ ၁၂၈ မျက်နှာရှိကာ တန်ဖိုး ငွေကျပ် ၇၀၀၀ ဖြစ်သည်။

အမျိုးသားစာပေဆုရ အောင်စိုး(တိ/ကုဆရာဝန်)၏ မိတ်ဆက်တင်ပြလွှာ၊ စာရေးသူ ဗုဒ္ဓဘာသာဝင်တစ်ဦး၏ ရင်တွင်းစကား၊ စာရေးသူ၏ထပ်ဆင့်အမှာနှင့် ကျေးဇူးတင်စကားတို့ ပါရှိသည်။

'စာဆိုရှင် မထေရ်မြတ်များအနက် အတုလဆရာတော်ခင်ကြီးဖျော်၊ ကျော်အောင်စံထားဆရာတော်၊ မောင်းထောင်ဆရာတော်၊ မုံရွေးဇေတဝန်ဆရာတော်၊ ဆရာတော်ဦးဗုဓ်၊ ကျည်းကန်ရှင်ကြီး၊ မင်းဘူးဦးဩဘာသ၊ မန်လည်ဆရာတော်၊ လယ်တီဆရာတော်နှင့် လူပုဂ္ဂိုလ်များတွင် စိန္တကျော်သူဦးဩ၊ တွင်းသင်းမင်းကြီးဦးထွန်းညို၊ လက်ဝဲသုန္ဒရ၊ စလေဦးပုည၊ ကင်းဝန်မင်းကြီး၊ ယောအတွင်းဝန် ဦးဖိုးလှိုင်၊ မြဝတီမင်းကြီး ဦးစ၊ ရကန်ဦးတိုး၊ လှိုင်ထိပ်ခေါင်တင် စသည်တို့မှာ အလွန်ထင်ရှားသည်။ အခြားစာဆိုတော်များမှာလည်း ရာဂဏန်းမျှ ရှိပါသည်။ သို့သော် ၅၅၀ ဇာတကနှင့် ဇာတ်တော်ကြီး ၁၀ ဘွဲ့ကိုသာ စကားပြေ၊ လင်္ကာများဖြင့် ရေးသားခဲ့သည်။ ဗုဒ္ဓဝင်စကားပြေကို ငါးခုန်ဆရာတော် (၁၁၃၂-၁၂၁၂)မှ မဟာဗုဒ္ဓဝင်ဝတ္ထုတော်ကြီး (ပ၊ ဒု၊ တ)ကိုလည်းကောင်း၊ ဗုဒ္ဓဝင်ကို စကားပြေပြုစုခဲ့သည်။ ကဗျာလင်္ကာများဖြင့် ဖွဲ့ဆိုကြခြင်း မရှိခဲ့ပါ။ လယ်တီဆရာတော်၏ (၇)နေ့နံ ဘုရားရှိခိုးနှင့် မန်လည်ဆရာတော်၏ မာဃဒေဝလင်္ကာတို့တွင် ဗုဒ္ဓဝင်အနည်းငယ်သာ ပါရှိသည်။ ကိုလိုနီခေတ်တွင် ပြည့်စုံသည့် ဗုဒ္ဓဝင်စာအုပ်များကို စကားပြေများနှင့်သာ ရေးသားထုတ်ဝေခြင်းအချို့ ရှိခဲ့ပါသည်။ လွတ်လပ်ရေးရပြီး မင်းကွန်းတိပိဋကဆရာတော် ဦးဝိစိတ္တသာရာဘိဝံသက မဟာဗုဒ္ဓဝင်စကားပြေစာအုပ် (၆-တွဲ)ရေးသားထုတ်ဝေခဲ့သည်။ ကဗျာလင်္ကာဖြင့် ရေးသားပြုစုထုတ်ဝေခဲ့သည့် ဗုဒ္ဓဝင်စာအုပ် မရှိခဲ့ပါ။ မြန်မာစာပေသမိုင်းတွင် ယင်းကွက်လပ်ကို ဆရာနေမင်းသန်းက 'သီကုံးပန်ဆင် ကဗျာဗုဒ္ဓဝင်' စာအုပ်ဖြင့် မြတ်စွာဘုရားရှင်၏ ဖြစ်တော်စဉ်(ဗုဒ္ဓဝင်)ကို လေးချိုးကဗျာဖြင့် ဖွဲ့ဆို၍ ဖြည့်ဆည်းပေးခြင်း ဖြစ်ပါသည်။'

(ဆရာအောင်စိုး အမှာမှ-)

ဆရာကြီးနေမင်းသန်း၏စာအုပ်တွင် ဂေါတမဗုဒ္ဓဖြစ်တော်စဉ် ဗုဒ္ဓဝင်အကျဉ်းနှင့် သိမှတ်ဖွယ်ရာ ဗုဒ္ဓဘာသာ အပိုင်း(၂) ပါရှိပြီး ကဗျာခေါင်းစဉ်များအဖြစ် ပဏာမနိဒါန်း၊ ဗျာဒိတ်တော်ခံယူခြင်း၊ အလောင်းတော်ဖွားမြင်ခြင်း၊ သိဒ္ဓတ္ထမင်းသား ထူးခြားပုဂ္ဂိုလ်၊ တောထွက်တော်မူခြင်း၊ ဒုက္ကရစရိယာ ခြောက်နှစ်ကြာ၊ ဘုရားဖြစ်တော်မူခြင်း၊ သတ္တ သတ္တာဟ ခုနစ်ဌာန၊ ဓမ္မစကြာတရား ဟောကြားမြတ်ဘုရား၊ တရားနာကြား ထူးခြားပုဂ္ဂိုလ်များ၊ လက်ဝဲရံ၊ လက်ျာရံနှစ်ပါး၊ ပြည်တော်ပြန်ခရီး၊ ကပိလဝတ်မှာ ဗုဒ္ဓမြတ်စွာ၊ အနာထပိဏ်နှင့် ဝိသာခါ၊ ထူးခြားဖြစ်ရာ ပဉ္စမဝါ၊ ဘိက္ခုနီသာသနာ၊ တာဝတိံသာမှာ သတ္တမဝါ၊ ခေမာမိဖုရားနှင့် ကိသာဂေါတမီ၊ ညီတော်အာနန္ဒာ၊ အဇာတသတ်၊ ဒေဝဒတ်၊ အောင်ခြင်းရှစ်ပါး၊ လူတန်းစားခွဲခြား ဘုရားဆန့်ကျင်၊ အများကောင်းကျိုးသယ်ဆောင်ပိုး၊ ကြိုတင်ပြင်ဆင်နိဗ္ဗာန်ဝင်၊ ပရိနိဗ္ဗာန်ပြုခြင်း၊ ဓာတ်ဝေခန်း၊ ဗုဒ္ဓသာသနာနှင့် အသောကမင်းကြီး၊ (၆)ကြိမ် ဆင်နွှဲသင်္ဂါယနာတင်ပွဲ၊ ခုနစ်ရက် ခုနစ်နေ့ ဗုဒ္ဓဝင်နေ့၊ ဘုရားဂုဏ်တော်ကိုးပါး၊ သံဝေဇနီယလေးဌာန၊ ထေရဝါဒဗုဒ္ဓသာသနာ၊ ဘုရားငါးဆူပွင့်တော်မူ၊ ဗုဒ္ဓဘာသာအနှစ်ချုပ်၊ နိဂုံးဆုတောင်းတို့ ဖြစ်သည်။

ကဗျာများမှာ လေးချိုး(လေးဆစ်)ကဗျာဖွဲ့နည်းဖြင့် တင်ပြထားပြီး ကဗျာပိုဒ်ရေ ၂၀၀ တိတိဖြစ်သည်။ အဖွင့်ကဗျာအဖြစ် 'သီကုံးပန်ဆင် ကဗျာဗုဒ္ဓဝင်'ကို စတင်ဖတ်ရှုရမည်ဖြစ်သည်။

**သီကုံးပန်ဆင် ကဗျာဗုဒ္ဓဝင်**

* ရတနာမြတ်သုံးပါး
ဘုရား တရား သံဃာ
ကျေးဇူးတော်အနန္တ
မိဘဆရာ ။

* ရိုကျိုးတုပ်ကွ ဦးညွှတ်ကာ
လက်ဆယ်ဖြာရှိခိုး။

* ဗုဒ္ဓသာသနာ
ခွန့်ရှည်ကြာတည်တံ့မှု
ရှေးရှုမျှော်ကိုး။

* သီကုံးပန်ဆင်
ဗုဒ္ဓဝင်ကဗျာစု
ထုဆစ်မြတ်နိုး ။ ။

**နေမင်းသန်း**
**(မဲခေါင်စာပေဆုရ)**

ကဗျာအမှတ်စဉ်(၂)မှ 'ဗျာဒိတ်တော်ခံယူခြင်း'ကို ဖတ်ကြည့်စေချင်သည်။

**ဗျာဒိတ်တော်ခံယူခြင်း**

* ဘုရားလောင်းဘဝ
သုမေဓာရသေ့က စသည်၊
ဒီပင်္ကရာဘုရားခြေတော်ရင်း
လမ်းခင်းဖို့ရည်၊
ခန္ဓာကိုယ်နှင့် တံတားတည်
ဘုရားဖြစ်မည် ဗျာဒိတ်ရ၊
ဂေါတမအမည်နှင့်
ပွင့်လိမ့်မုချ။ ။

* လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်း
စောင့်ထိန်းခဲ့ ဆယ်ပါးပါရမီ၊
အလောင်းတော်ဘဝ
ကာလကြာရှည်၊
ယုံကြည်ချက်နှင့်ဆန္ဒသည်
ဘုရားဖြစ်မည်မုချ။
နှစ်ကျိပ်လေးဆူ ဘုရားမြတ်
ဆည်းကပ်ခဲ့ရ။ ။

* စောင့်ထိန်းခဲ့မြတ်ဘုရား
ဆယ်ပါးသောပါရမီ၊
ဒါန၊ သီလ၊ နေက္ခမ္မ
ပညာ စသည်၊
ဝီရိယ၊ ခန္တီနှင့် သစ္စာတည်
အဓိဋ္ဌာန်သည် ထူးခြား။
မေတ္တာရည်မြဲ မပျက်
ဥပေက္ခာထား။

* ဗျာဒိတ်တော်ခံယူထား
ဘုရားလောင်းဘဝသည်၊
သုမေဓာမှ ဝေဿန္တရာထိ
ကြာရှိခဲ့ပြီ၊
အလောင်းတော်ဘဝ နတ်သားသည်
သေတကေတု အမည်ရ။
နတ်သက်ကြွေခန္ဓာပျောက်
နောက်ဆုံးဘဝ။ ။

လေးနက်ခက်ခဲသောရာဇဝင်များ၊ သမိုင်းများ၊ ဗုဒ္ဓဖြစ်တော်စဉ်များကို ပို၍မှတ်မိစေရန် ကဗျာလင်္ကာတို့ဖြင့် ရေးဖွဲ့မှတ်တမ်းတင်ခြင်းသည် အကောင်းဆုံးနည်းလမ်းပင် ဖြစ်သည်။

ယခုထွက်ရှိလာသော ဆရာကြီးနေမင်းသန်း၏ 'သီကုံးပန်ဆင် ကဗျာဗုဒ္ဓဝင်'ကဗျာစာအုပ်သည် လစ်ဟာနေသော မြန်မာ့ယဉ်ကျေးမှုကို ဖြည့်ဆည်းပေးသည့် စာအုပ်ကောင်းတစ်အုပ်ဟု ဆိုရပေမည်။

စာအုပ်၏အဆုံးတွင် ခက်ဆစ်နှင့် အဖွင့်အဖြေများ ဖော်ပြပေးထားသဖြင့် ဗုဒ္ဓဝင်သမိုင်းကို နားလည်သဘောပေါက်စေမည် ဖြစ်သည်။ စာရေးသူဆရာကြီးနေမင်းသန်း၏ ရင်တွင်းစကားနှင့် ထပ်ဆင့်အမှာအရ ကျောင်းသား၊ ကျောင်းသူ၊ လူငယ်၊ လူရွယ်များ ဗုဒ္ဓဘာသာအခြေခံကို သိရှိစေရန်နှင့် နားလည်မှတ်မိစေရန် ကဗျာကာဖြင့် ရေးဖွဲ့ထုတ်ဝေရကြခြင်းဖြစ်ရာ ဤစာအုပ်သည် အိမ်တိုင်းရှိစာအုပ်စင်နှင့် စာကြည့်တိုက်များတွင် မဖြစ်မနေ တင်ထားသင့်ပါကြောင်း ညွှန်းဆိုလိုက်ရပါသည်။

# Grade 12 ကျောင်းသား၊ ကျောင်းသူများအား ဘာသာရပ်မိတ်ဆက်ပေးခြင်း ဆောင်ရွက်

**တပ်ကုန်း အောက်တိုဘာ ၁၈**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်တပ်ကုန်းမြို့နယ်တွင် Grade-12 ကျောင်းသား၊ ကျောင်းသူများအား ဘာသာရပ်မိတ်ဆက်ပေးခြင်းအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက ဗိုလ်မင်းရောင်ရပ်ကွက် အောင်ဆန်းခန်းမတွင် ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်ပညာရေးမှူး ဒေါ်သီသီကြိုင်နှင့် အခြေခံပညာအထက်တန်းကျောင်းအုပ် ဆရာ၊ ဆရာမများ၏ ကြီးကြပ်မှုဖြင့် Naypyitaw State Academy တက္ကသိုလ် ပါမောက္ခများသည် အဖွဲ့လေးဖွဲ့ခွဲ၍ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်၊ အခြေခံပညာကျောင်းများမှ Grade-12 ကျောင်းသား၊ ကျောင်းသူများအား တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးပါက Naypyitaw State Academy တွင် တက်ရောက်ပညာသင်ကြားနိုင်မည့် ဘာသာရပ်များအား ရွေးချယ်သင်ယူနိုင်ရေးအတွက် ဘာသာရပ်မိတ်ဆက်ခြင်းပြုလုပ်ခဲ့ရာ အဖွဲ့(၁)မှ ပါမောက္ခ (ဌာနမှူး) ဒေါက်တာလှလှနွယ်နှင့် ပါမောက္ခများက မြန်မာစာ၊ အင်္ဂလိပ်စာ၊ ပထဝီဝင်၊ သမိုင်း၊ စာကြည့်တိုက်နှင့် သုတပညာ၊ လူမှုရေးပညာဘာသာရပ်တို့အား မြို့နယ်အတွင်းရှိ အ·ထ·က ကျောင်း ၁၃ ကျောင်း၊ အ·ထ·က (ခွဲ)ကျောင်း ၁၄ကျောင်း၊ ကိုယ်ပိုင်ကျောင်း ၅ ကျောင်းတို့မှ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၁၇၇၉ ဦးအား ဘာသာရပ်မိတ်ဆက်ပြောကြားခဲ့သည်။

ဆက်လက်၍ အောက်တိုဘာ ၁၄ ရက်တွင် အဖွဲ့(၂)၊ အဖွဲ့(၃)နှင့် အဖွဲ့(၄)တို့မှ ပါမောက္ခ (ဌာနမှူး) ဒေါက်တာ သီတာပြုံးနှင့် ပါမောက္ခများက ဓာတုဗေဒ၊ ရူပဗေဒ၊ သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒ၊ အားကစားပညာရပ်တို့အား မိတ်ဆက်ပြောကြားခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

မြို့နယ်(ပြန်/ဆက်)





# လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲ ကျင်းပ

**မိုင်းပန် အောက်တိုဘာ ၁၈**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မိုင်းပန်မြို့နယ်တွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲကို လူထုအခြေပြုဗဟိုဌာန (Community Centre)ခန်းမ၌ အောက်တိုဘာ ၁၄ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဦးစီးအရာရှိ ဒေါ်နန်းမျိုးဆောင်းကျော်က လူငယ်ရေးရာများအကြောင်း၊ လူငယ်များ အချိန်ကိုအကျိုးရှိစွာ အသုံးချတတ်စေရန်နှင့် စာဖတ်သည့်အလေ့အကျင့်ကောင်းများ ရရှိစေရန်ဟောပြောခဲ့ပြီး လူငယ်ရေးရာအသိပညာပေး နံရံကပ်စာစောင်များနှင့် စာအုပ်ပြပွဲ ပြသခဲ့ရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

မြို့နယ်(ပြန်/ဆက်)

# သင်္ချာနှင့် အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲ ကျင်းပ

**မောက်မယ် အောက်တိုဘာ ၁၈**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မောက်မယ်မြို့နယ်၌ ကျောင်းသား၊ ကျောင်းသူများ၊ အနာဂတ်မျိုးဆက်သစ်လူငယ်များ အသိပညာဗဟုသုတ မြင့်မားတိုးတက်စေရန်၊ လူငယ်လူရွယ်များ အာရုံစူးစိုက်လေ့လာမှုနှင့် ဉာဏ်ရည်ဉာဏ်သွေး ထက်မြက်လာစေရန် ရည်ရွယ်၍ အခြေခံပညာအထက်တန်းကျောင်း (မောက်မယ်)၌ အောက်တိုဘာ ၁၆ ရက် နံနက် ၉ နာရီက သင်္ချာနှင့် အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲကို ကျင်းပခဲ့သည်။

အဆိုပါပြိုင်ပွဲတွင် မြို့နယ်အတွင်းရှိ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် အခြေခံပညာကျောင်းများ (၁၀)ကျောင်းမှ Grade-5 မှ Grade-8 အထိ ကျောင်းသား၊ ကျောင်းသူများ သင်္ချာနှင့် အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲအား ၅၀ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

မြို့နယ်(ပြန်/ဆက်)




# အခြေခံပညာအထက်တန်းကျောင်းတွင် လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲ ကျင်းပ

**တောင်တွင်းကြီး အောက်တိုဘာ ၁၈**

နိုင်ငံတော်မှ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန်၊ နိုင်ငံတကာနှင့်အညီ ပညာရေးကဏ္ဍကို အထူးအလေးပေး ဖော်ဆောင်ပေးလျက်ရှိရာ ကျောင်းသား၊ ကျောင်းသူများအား ကျောင်းစာအပြင် ပြင်ပစာပေဗဟုသုတများ ကြွယ်ဝစေရန်၊ လူငယ်၊ လူရွယ်ကျောင်းသား၊ ကျောင်းသူများအား ဘက်စုံထူးချွန်ဖွံ့ဖြိုးတိုးတက်စေရန်၊ ဘဝရည်မှန်းချက်ပန်းတိုင်များ ကောင်းမွန်စွာ လျှောက်လှမ်းနိုင်ကြစေရန် ရည်ရွယ်၍ မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ ကုက္ကိုခွကျေးရွာ အခြေခံပညာအထက်တန်းကျောင်းတွင် အောက်တိုဘာ ၁၆ ရက် မွန်းလွဲ ၁ နာရီက လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲ ကျင်းပသည်။

အဆိုပါ ဟောပြောပွဲတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဒေါ်အေးမိုးမိုးမြင့်က လူငယ်နှင့်ရည်မှန်းချက်၊ လူငယ်နှင့်အကျင့်စာရိတ္တကောင်းမွန်ရေး၊ လူငယ်နှင့်စာဖတ်ခြင်း၊ လူငယ်နှင့်ယဉ်ကျေးမှု၊ လူငယ်နှင့်မူးယစ်ဆေးဝါးအန္တရာယ်စသည့် အကြောင်းအရာများကို ဟောပြောခဲ့ကြသည်။

အဆိုပါ ဟောပြောပွဲသို့ တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် လူငယ်ရေးရာအသိပညာပေး နံရံကပ်စာစောင်များကို စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

(ယာပုံ)

နောင်နောင်(ဗိသုနိုးမြေ)


ဖတ်စရာ၊ မှတ်စရာ
စုံလင်
ပန်းဆလေး


# ဈေးတာဝန်ခံ

* တာဝန်ခံ တာဝန်ခံ
ဆရာဆူတာလည်း ခံရပြန်
ဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်ရန်
စည်းစည်းလုံးလုံးနဲ့ ဟန်ချက်မှန်
အဲ့ဒါ တာဝန်ခံ ။


* တာဝန်ခံရဲ့ အလုပ်ဟာ
လုပ်ငန်းကြီး လေးရပ်ပါ
အခွန်ငွေများ ပြည့်မီရေး
နေ့စဉ်ကြီးကြပ်ဆောင်ရွက်ပေး။

* သန့်ရှင်းရေးကောင်းမွန်ရန်
အမှိုက်များ နေ့စဉ်သိမ်းဆည်းပြန်
ဈေးလုံခြုံမှုရှိစေရေး
နေ့၊ ညမနား စောင့်ကြပ်ပေး။

* စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းတွေ
နေ့စဉ်ရှင်းလင်းဆောင်ရွက်နေ
ဈေးရဲ့ ပုံရိပ်ကောင်းမွန်ရေး
အင်တိုက်အားတိုက် ကြိုးစားပေး။

* ဈေးများ သန့်ရှင်းသာယာစေရန်
ဈေးအကျိုးဆောင်နဲ့ ပူးပေါင်းပြန်
မြို့နေလူထုကောင်းကျိုးအတွက်
ကြိုးစားပန်းစားထမ်းဆောင်ရွက် ။ ။

သန်းနိုင်စိုး(စိုက်/မွေး)





## စုပေါင်းဘုံဆွမ်းလောင်းလှူ

**မန္တလေး အောက်တိုဘာ ၁၈**

မန္တလေး၊ ချမ်းအေးသာစံ မြို့နယ်၊ လမ်း ၈၀ပေါ်ရှိ ယူနန် ဗုဒ္ဓဘာသာဘုရားကျောင်းဂေါပက အဖွဲ့က ဦးစီး၍ (၁၂)ကြိမ်၏ (၁၃)ပတ်မြောက် စုပေါင်းဘုံဆွမ်း လောင်းလှူပွဲကို ယမန်နေ့ နံနက် ၆ နာရီက ကျင်းပခဲ့သည်။

ထိုသို့ ဘုံဆွမ်းလောင်းလှူပွဲတွင် မြတောင်တိုက်မှ သံဃာတော် အပါး ၂၅၀ တို့အား ပင့်ဖိတ်၍ ယူနန်ဗုဒ္ဓဘာသာဘုရားကျောင်းဂေါပကအဖွဲ့ဥက္ကဋ္ဌ နှင့် တာဝန်ရှိသူများက ဆွမ်း၊ ဆွမ်းဟင်းများ၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လောင်းလှူကြသည်။

မန္တလေးမြို့ပေါ်ရှိ ကျောင်းတိုက်ကြီးများမှ သံဃာတော် အပါး ၂၅၀ စီကို အလှည့်ကျ ပင့်ဖိတ်၍ ဥပုသ်နေ့တိုင်း ဘုံဆွမ်းလောင်းလှူခဲ့သည်မှာ ၁၂နှစ်ရှိပြီဖြစ်ကြောင်း သိရသည်။

(အပေါ်ပုံ) (၀၉၃)

**မျက်စိလျှကြ မျက်ကြည်ရ၊ မြတ်သည့်လှူဒါန။**

## ပြည်သူ့ဆေးရုံ၌ အသက်(၈၅)နှစ်နှင့်အထက် အဘိုး၊ အဘွားများနှင့် အငြိမ်းစားဝန်ထမ်းများအား အခမဲ့ဆေးကုသပေး

**ကံမ အောက်တိုဘာ ၁၈**

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ကံမမြို့ ပြည်သူ့ဆေးရုံ၌ အသက်(၈၅)နှစ်နှင့်အထက် အဘိုး၊အဘွားများနှင့် ပင်စင်စား၊ အငြိမ်းစားဝန်ထမ်းများအား ဆီးချို၊ သွေးချို၊ သွေးတိုးနှင့် နှလုံးရောဂါစစ်ဆေးပေးခြင်းကို အောက်တိုဘာ ၁၆ ရက် နံနက် ၁၀ နာရီက မြို့နယ်ပြည်သူ့ဆေးရုံတွင် အခမဲ့စမ်းသပ်စစ်ဆေးကုသပေးခဲ့သည်။ (အောက်ပုံ)

ထိုသို့ စစ်ဆေးကုသရာတွင် ၎င်း ကိုယ်အလေးချိန်တိုင်းတာခြင်း၊ သွေးပေါင်ချိန်တိုင်းတာခြင်း၊ ကိုယ်အပူချိန်တိုင်းတာခြင်း၊ ဆီးချို၊ သွေးချိုစစ်ဆေးပေးခြင်း စသည်တို့ကို ဆောင်ရွက်ပေး၍ လိုအပ်သည့် ကုသမှုများအား မြို့နယ်ဆရာဝန်ကြီး ဒေါက်တာသက်ဦးဟန်နှင့် ကျန်းမာရေးဆရာမများက အခမဲ့စစ်ဆေးကုသခြင်းများ ဆောင်ရွက်ပေးခဲ့ပြီး အပတ်စဉ်ဗုဒ္ဓဟူးနေ့တိုင်း စမ်းသပ်စစ်ဆေးကုသပေးလျက်ရှိကြောင်း မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှ သိရသည်။

စော်ထက်(သရက်)





## နဂါးဖြူကိုးကောင်ဘုရား အနေကဇာတင်

**မန္တလေး အောက်တိုဘာ ၁၈**

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ရေထွက်ကျေးရွာအုပ်စု၊ သာခိုတောင်ခြေမဟာနန္ဒာစိတ္တသုခကျောင်းရှိ နဂါးဖြူကိုးကောင်ဘုရား အနေကဇာတင်ပွဲကို ယမန်နေ့က ကျင်းပခဲ့သည်။

ချမ်းအေးသာစံမြို့နယ်၊ ပုလိုင်းရပ်နေ ဘုရား၊ ရဟန်း၊ ဒါယကာ ဦးဝင်းနိုင်သိန်း+ဘုရား၊ ရဟန်း၊ ဒါယိကာမ ဒေါ်နီလာဦး၊ (သား)မောင်ဝေယံလင်း၊(သမီး) မရွှေရတီ(ဆန်းရှိုင်း သွားအတုလုပ်ငန်း)က ဘုရားအနေကဇာတင်ပွဲကို ကုသိုလ်ပြုကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

(အပေါ်ပုံ) (ကဆ)

## ညောင်ဦးခရိုင်၌ တတိယအကြိမ်မြောက် စုပေါင်းမဟာဘုံကထိန် ဆက်ကပ်လှူဒါန်းပွဲ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**ညောင်ဦး အောက်တိုဘာ ၁၈**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၌ တတိယအကြိမ်မြောက် စုပေါင်းမဟာဘုံကထိန် ဆက်ကပ်လှူဒါန်းပွဲ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ညောင်ဦးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်အစည်းအဝေးခန်းမ၌ အောက်တိုဘာ ၁၇ ရက် နံနက် ၁၀ နာရီက လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပခဲ့သည်။



အစည်းအဝေးတွင် စုပေါင်းမဟာဘုံကထိန်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ဦးကျော်မင်းညိုက အဖွင့်အမှာစကားပြောကြားခဲ့သည်။ ထို့နောက် သက်ဆိုင်ရာကဏ္ဍအလိုက် တတိယအကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်ကျင်းပမည့် ကျန်စစ်သားဥမင်စာသင်တိုက်ဝင်းအတွင်း အခမ်းအနားပြင်ဆင်ရေး၊ သံဃာတော်အရှင်သူမြတ်များ ပင့်ဆောင်ဖိတ်ကြားရေး၊လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းနိုင်ရေး၊ဘဏ္ဍာငွေရှာဖွေရေး၊ ဆွမ်းဆက်ကပ်လှူဒါန်းနိုင်ရေး၊ဧည့်ပရိသတ်များဧည့်ခံကျွေးမွေးရေး၊ပြန်ကြားရေးနှင့်သတင်းထုတ်ပြန်ရေးလုပ်ငန်းများအား သက်ဆိုင်ရာ ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြရာ စုပေါင်းမဟာဘုံကထိန်ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌက တင်ပြဆွေးနွေးချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

(၄၈၁)

*- *- *- *- *




## ရာသက်ပန်ဆွမ်းပဒေသာပင် လှူဒါန်း

**မန္တလေး အောက်တိုဘာ ၁၈**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ မန္တလေးတိုင်းဒေသကြီးကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းတွင် ယမန်နေ့ နံနက်က ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် အလှူငွေပေးအပ်ပွဲ ကျင်းပသည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာတော် အဘိဓမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကောသဝ(မြောစရိယ၊ B.A)က ရေစက်ချအနုမောဒနာတရား ဟောကြားချီးမြှင့်ပြီး မန္တလေးမြို့နေ ဦးဝင်းထူး+ဒေါ်နန်းအေးကျော်၊ (သမီး)မနန်းမြတ်မွန်ကေသွယ် မိသားစုက ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် ယခင်လှူဒါန်းပြီး ငွေကျပ် တစ်သိန်း၊ ဖြည့်စွက်လှူဒါန်းငွေကျပ်သိန်း ၃၀၊စုစုပေါင်းငွေကျပ် ၃၁သိန်းကို ပေးအပ်လှူဒါန်းရာ ဥပဋ္ဌာမ္ဘကအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးကျော်ဝင်းက လက်ခံရယူသည်။

ဆက်လက်၍ အဆိုပါအလှူရှင်မိသားစုက အကြိမ်(၃၀)မြောက်အဖြစ် ကျောင်းအုပ်ဆရာတော် အမှူးပြုသော ကထိကဆရာတော်များ၊ သင်တန်းသားသံဃာတော်များအား နေ့ဆွမ်းဆက်ကပ်ကာ လှူဖွယ်ပစ္စည်းများကို သံဃာတစ်ပါးချင်းစီ ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။

(အပေါ်ပုံ) PNT

## (၁၈)ကြိမ်မြောက် စုပေါင်းဘုံကထိန်တော်အတွက် ပဒေသာပင်များ လှူဒါန်း

**မန္တလေး အောက်တိုဘာ ၁၈**

မန္တလေးမြို့၊ တောင်စလင်းတိုက်သစ် ဘာဝနာဌာန ပဓာနနာယကဆရာတော် ဘဒ္ဒန္တတိက္ခအတိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဦးဆောင်သည့် ဗုဒ္ဓဘာသာသာသနာပြန့်ပွားရေးအသင်းချုပ် ဦးဆောင်သည့် (၁၈)ကြိမ်မြောက် စုပေါင်းကထိန်တော်သို့ ပဒေသာပင် တစ်ပင်လျှင် ငွေကျပ်တစ်သိန်းတစ်သောင်းဖြင့်လည်းကောင်း၊မိုးပေါ်ကျ တစ်ပါးလျှင် ငွေကျပ်ခုနစ်သောင်းဖြင့်လည်းကောင်း၊ အလှူဒါယကာ၊ ဒါယိကာမအဖြစ် ခံယူလိုပါက ရှင်တစ်ပါးလျှင် ငွေကျပ်ငါးသောင်းဖြင့် လှူဒါန်းကုသိုလ်ယူနိုင်သည်။

မန္တလေးမြို့နေ အလှူရှင် ဒေါ်ခင်ဝင်းမြင့် မိသားစုက ပဒေသာပင် သုံးပင်၊ မိုးပေါ်ကျ တစ်ပါး၊ ရှင်သုံးပါးစာအတွက် ငွေကျပ် ငါးသိန်းငါးသောင်းကို ယမန်နေ့က လာရောက်လှူဒါန်းရာ ဗုဒ္ဓဘာသာသာသနာပြန့်ပွားရေးအသင်းချုပ်ရုံး(မန္တလေး)ဥက္ကဋ္ဌ ကိုယ်စား ဦးကျော်ဝင်းက လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြား၍ ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်သည်။ (ယာပုံ)

အလားတူ ရန်ကုန်မြို့နေ အလှူရှင် ကိုသော်ဇင်စိုး+မသီဂီမိသားစုက ပဒေသာပင်တစ်ပင်၊ မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်နေ အလှူရှင် ဦးယူဖီး+ဒေါ်ကြူတို့အား




အမှူးထား၍ ဒေါ်စောစိန်မွေး၊ ဒေါ်မြင့်မြင့်မွေး မိသားစုက ပဒေသာပင်တစ်ပင်၊ မန္တလေးမြို့နေ ဒေါ်ခင်မေစီ၊ ဒေါ်သန်းသန်းမြင့်(ငွေအိုးစည် ဖိနပ်)လုပ်ငန်းက ပဒေသာပင် နှစ်ပင်၊ မန္တလေးမြို့၊ ပါတ်ကုန်းပျော်ဘွယ်ရပ်နေ အလှူရှင် ဒေါ်နုနုဆွေ၊ (သမီး)ဒေါက်တာဒေါ်နွယ်နီလင်း မိသားစုက ပဒေသာပင်တစ်ပင်၊မန္တလေးမြို့၊ နယူးစီဗီလိုင်းရပ်နေ အလှူရှင် ဦးတင်မောင်မော်+ဒေါ်တင်တင်၊ (သား)ကိုလင်းထွန်းအောင်၊ ကိုချမ်းမြေ့မောင်၊ (သမီး)မလှလှထွေး၊ မဖြိုးအိအိမော်နှင့် မြေး၊ မြစ် မိသားစုတစ်စုက ပဒေသာပင် သုံးပင်တို့ကို အသီးသီးလှူဒါန်းကြကြောင်း သိရသည်။ (၀၄၉)

❖ မိမိတို့နိုင်ငံသည် မတူကွဲပြားသည့် အင်အားကြီးနိုင်ငံနှစ်နိုင်ငံ အကြားတွင် ရှိနေကြောင်း ...

❖ ထို့ကြောင့် နိုင်ငံခြားရေးမူဝါဒနှင့်ပတ်သက်၍လည်း လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သည့် နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးဆောင်ရွက်လျက်ရှိ...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ခုနှစ်၊ မတ်လ ၂၁ ရက်နေ့တွင် ပြုလုပ်သော ၂၀၂၅ အလွန် ဗဟုဝင်ရိုးကမ္ဘာတွင် မြန်မာနိုင်ငံကြုံတွေ့လာရမည့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများသုံးသပ်ဆွေးနွေးပွဲသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# တပ်မတော်က သီပေါမြို့အား ပြန်လည်ထိန်းချုပ်ရရှိခဲ့သဖြင့် အစိုးရ၏အုပ်ချုပ်ရေးယန္တရားများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ဌာနဆိုင်ရာအဖွဲ့အစည်းများ သီပေါမြို့သို့ ရောက်ရှိလာရာ ဒေသခံတိုင်းရင်းသားပြည်သူများက ဝမ်းမြောက်စွာ ကြိုဆို

နေပြည်တော် အောက်တိုဘာ ၁၈

တပ်မတော်အနေဖြင့် ပြည်သူလူထုအေးချမ်းစွာနေထိုင်နိုင်ရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အကြမ်းဖက်သောင်းကျန်းသူများ ခေတ္တထိန်းချုပ်ထားသည့် မြို့နယ်၊ ကျေးရွာ၊ ဒေသအချို့တို့၌ အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter-Terrorism Operation)များကို ဆောင်ရွက်လျက်ရှိရာ အကြမ်းဖက်သောင်းကျန်းသူများ ခေတ္တထိန်းချုပ်ထားခဲ့သည့် သီပေါမြို့အား အောက်တိုဘာ ၁၇ ရက်တွင် တပ်မတော်က အပြီးတိုင်ပြန်လည်ထိန်းချုပ်နိုင်ခဲ့သည်။





အစိုးရ၏ အုပ်ချုပ်ရေးယန္တရားများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ဌာနဆိုင်ရာအဖွဲ့အစည်းများက ကူညီထောက်ပံ့ရေးပစ္စည်းများနှင့်အတူ သီပေါမြို့သို့ ရောက်ရှိရာ ဒေသခံပြည်သူများက ကြိုဆိုကြစဉ်။

သီပေါမြို့နယ်တစ်ဝိုက်အား အကြမ်းဖက်သောင်းကျန်းသူများ ယာယီထိန်းချုပ်ထားစဉ် ဒေသခံတိုင်းရင်းသားပြည်သူများအနေဖြင့် အိုးအိမ်တိုက်တာစည်းစိမ်များကို စွန့်ခွာတိမ်းရှောင်နေကြရပြီး ၎င်းတို့၏ လူ့အခွင့်အရေးဆုံးရှုံးမှုများ၊ စီးပွားရေး၊ လူမှုရေး၊ကျန်းမာရေး၊ပညာရေးစသည့်အဘက်ဘက်မှ နှိမ့်ကျမှုများ၊ တိုက်ပွဲ၏ အန္တရာယ်များကို ရင်ဆိုင်ကြုံတွေ့ခဲ့ရမှုများကြောင့် တပ်မတော်က သီပေါဒေသတစ်ဝိုက်အား အပြီးတိုင်ပြန်လည်ထိန်းချုပ်နိုင်ခဲ့သည့်အတွက် ယခုကဲ့သို့ ဝမ်းမြောက်စွာ ကြိုဆိုလက်ခံကြပြီး ယာယီနေရပ်စွန့်ခွာနေရပ်ထိုင်ခဲ့ရသည့် ဒေသခံတိုင်းရင်းသား ပြည်သူအချို့မှာလည်း ၎င်းတို့၏နေရပ်ဒေသများသို့ ချက်ချင်းပြန်လည်ဝင်ရောက်လျက်ရှိကြကြောင်း သိရသည်။

**ဆောင်ရွက်ပေးလျက်ရှိ**

တပ်မတော်စစ်ကြောင်းများအနေဖြင့် သီပေါမြို့နယ်နှင့် ပတ်ဝန်းကျင်တစ်ဝိုက်ရှိ ယာယီနေရပ်စွန့်ခွာ ဒေသခံတိုင်းရင်းသားပြည်သူများ အေးချမ်းပျော်ရွှင်စွာ လူမှုစီးပွားဘဝအတွက် ရှာဖွေလုပ်ကိုင်စားသောက်နိုင်ရေးနှင့် အစိုးရအုပ်ချုပ်မှုယန္တရားများ ပြန်လည်လည်ပတ်နိုင်ရေး၊ ၎င်းတို့၏မြို့/ရွာများရှိ နေအိမ်များတွင် ပြန်လည်နေထိုင်နိုင်ရေးအတွက် အကြမ်းဖက်သောင်းကျန်းသူများ ယာယီထိန်းချုပ်ထားစဉ် ယုတ်မာရိုင်းစိုင်းစွာ၊ အသိတရားကင်းမဲ့စွာဖြင့် မီးရှို့ဖျက်ဆီးခဲ့သည့် ရုံး/ဌာနအဆောက်အအုံများ၊ လူနေအဆောက်အအုံများ၊ ဘာသာရေး၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာ အဆောက်အအုံများအား ပြန်လည်ပြုပြင်နိုင်ရေးနှင့် အကြမ်းဖက်သမားများ ရက်စက်ယုတ်မာစွာလုပ်ဆောင်ခဲ့သည့် မြေမြှုပ်မိုင်းအန္တရာယ်မှ ကင်းရှင်းစေရန် မြို့/ရွာများအတွင်း မိုင်းရှင်းလင်းရေးလုပ်ငန်းများနှင့် လိုအပ်သော လုံခြုံရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ဒေသခံပြည်သူလူထုအား လိုအပ်သည့် ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးသွားရန်နှင့် အစိုးရ၏အုပ်ချုပ်မှုယန္တရားများဖြစ်သည့် ရုံးများ ပြန်လည်ဖွင့်လှစ်နိုင်ရေး၊ စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်ပေးနိုင်ရေးနှင့် ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဖြစ်သည့် ဆေးရုံများပြန်လည်ဖွင့်လှစ်နိုင်ရေးတို့အတွက် ဌာနဆိုင်ရာအဖွဲ့အစည်းများသည် ယနေ့တွင် သီပေါမြို့သို့ ရောက်ရှိလာကြရာ ဒေသခံတိုင်းရင်းသားပြည်သူများက ဝမ်းမြောက်စွာကြိုဆိုခဲ့ကြသည်။

**ပုံမှန်ပြန်လည်လည်ပတ်စေရန် မျှော်လင့်**

ဒေသခံတိုင်းရင်းသား ပြည်သူများအနေဖြင့်လည်း စစ်၏ဆိုးကျိုးများကို ကိုယ်တိုင်ကိုယ်ကျကြုံတွေ့ခဲ့ကြရသဖြင့် ငြိမ်းချမ်းမှုကိုသာ လိုလားကြောင်း၊ ၎င်းတို့၏ ကျန်းမာရေးစောင့်ရှောက်ခွင့်၊ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် ကလေးငယ်များ၏ ပညာသင်ယူခွင့်တို့ကိုလည်း ယခင်ငြိမ်းချမ်းစဉ်ကာလကဲ့သို့ပင် ပုံမှန်ပြန်လည်လည်ပတ်စေရန် မျှော်လင့်ကြောင်း၊ အကြမ်းဖက်လုပ်ရပ်များကြောင့် အဘက်ဘက်က ပျက်စီးဆုံးရှုံးခဲ့ရသည့် သီပေါမြို့အား ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ချိန်များတွင် တပ်မတော်နှင့်အတူ ဝိုင်းဝန်းကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းအပြင် အကြမ်းဖက်သောင်းကျန်းသူများ ဖျက်ဆီးခဲ့သည့် စာသင်ကျောင်းများ၊ ဆေးရုံ/ဆေးခန်းများ၊ ရုံး/ဌာန အဆောက်အအုံများ၊ ဘာသာရေးဆိုင်ရာ အဆောက်အအုံများနှင့် လူနေအိမ်များအား ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများကို တပ်မတော်နှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ အမြန်ဆုံးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် တပ်မတော်စစ်ကြောင်းများကလည်း ပြည်သူများ အေးချမ်းစွာနေထိုင်နိုင်ရေးအတွက် လိုအပ်သည့်လုံခြုံရေးလုပ်ငန်းစဉ်များကို ဆက်လက်တိုးမြှင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# ဆီးဂိမ်းစ်ပြိုင်ပွဲအတွက် ပြင်ဆင်နေသည့် မြန်မာအမျိုးသမီးအသင်း ဂျပန်နိုင်ငံသို့ ခြေစမ်းပွဲယှဉ်ပြိုင်ရန်ခရီးထွက်ခွာ

**ရန်ကုန် အောက်တိုဘာ ၁၈**

ဆီးဂိမ်းစ်ပြိုင်ပွဲအတွက် လေ့ကျင့်နေသည့် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ပြိုင်ပွဲအကြို ပြင်ဆင်မှုအနေဖြင့် ဂျပန်နိုင်ငံသို့ ခရီးစဉ်သွားရောက်၍ လေ့ကျင့်မှုနှင့် ခြေစမ်းပွဲများ ကစားသွားမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် အောက်တိုဘာ ၁၉ ရက်မှ ၂၆ ရက်အထိ ဂျပန်နိုင်ငံတွင် လေ့ကျင့်မည်ဖြစ်ပြီး ယင်းကာလအတွင်း ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားရန် စီစဉ်ထားသည်။

ဂျပန်နိုင်ငံ ခရီးစဉ်တွင် ကစားသမား ၂၆ ဦးပါဝင်မည်ဖြစ်ပြီး မလေးရှားကလပ်ဆာဘားတွင် ကစားနေသည့် ဝင်းသီဂီထွန်းမှာ ဆီးဂိမ်းပြိုင်ပွဲမှသာ လာရောက်ပူးပေါင်းမည်ဖြစ်သည်။

(၃၃)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ အမျိုးသမီးဘောလုံးပွဲစဉ်များကို ထိုင်းနိုင်ငံ၊ ချွန်ဘူရီမြို့တွင် ဒီဇင်ဘာ အစောပိုင်း၌ ကျင်းပသွားမည်ဖြစ်သည်။

(NGB)

